## သမ္မာကျမ်းစာ သမိုင်းအမေးအဖြေများ

# ဓမ္မဟောင်းကျမ်း သမိုင်းအကျဉ်းချုပ်

## Juniors

## Level II: Book 1of 2

*by* **Prof H C Hoeksema**
*edited by* **J J Lim**
*with invaluable contributions by* **David Higgs**

*February 2011edition*

Copyright © Gratia Dei Sola Media

# သမ္မာကျမ်းစာသမိုင်းအမေးအဖြေများ–ဓမ္မဟောင်းကျမ်းမိုင်းအကျဉ်းချုပ်

(Juniors - Book 1/2)
by Prof H.C. Hoeksema
edited by J.J. Lim
with invaluable contributions by Ps David Higgs

Original version by Prof H.C. Hoeksema is property of the Protestant Reformed Churches of America
J.J. Lim edited version © 2011 by Pilgrim Covenant Church.

Myanmar language version © Gratia Dei Sola Media

Blk 203B, Henderson Road, #07-07, Singapore 159546.
Website: www.gdsmedia.org
Email: gdsmedia.sg@gmail.com

All rights reserved

မြန်မာဘာသာပြန်ဆိုသူ-ဇမ်လမ့်ထန်
စာတိုက်သေတ္တာ (၁၀၅၇)
ဗဟိုစာတိုက်ကြီး၊ ရန်ကုန်မြို့။

**အသင်းတော်အတွင်း ကန့်သတ်ထုတ်ဝေသည်။**

# နိဒါန်း

ဤစာအုပ်သည် Rev G VandenBerg ရေးသားသော ဓမ္မသစ်ကျမ်းနှင့်ဒွန်တွဲထားသောစာအုပ်ဖြစ်သည်။ ထို့ပြင် beginners စာအုပ်များကို သင်ယူခဲ့ပြီးနောက် Seniors' များအတွက်ထုတ်ဝေထားသော ဤစာအုပ်ကို သင်ယူရမည်ဖြစ်သည်။

မိဘဆရာများက ဤသင်ခန်းစာထဲတွင်ရှိသောအကြောင်းအရာများ၏ရည်ရွယ်ချက်နှင့်သင်ကြားနည်းကို သိရှိနိုင်ရန်အတွက် အောက်တွင်သိသင့်သိထိုက်သောအချက်အလက်အချို့တို့ကို ဖော်ပြထားသည်။

(၁) ဤစာအုပ်၏ရည်ရွယ်ချက်သည် ဓမ္မဟောင်းကျမ်း၏နောက်ခံသမိုင်းအကြောင်းများချုံငုံလေ့လာကာစနစ်တကျသိရှိရန်ဖြစ်သည်။

(၂) ဤသမိုင်းသင်ခန်းစာများလေ့လာရာတွင် ကလေးသူငယ်များသည် ကောင်းမွန်စွာသိရှိနိုင်ရန်အတွက် စာအုပ်နှင့်ဆရာသမားများအပေါ်တွင် မမူတည်ဘဲ၊ အုပ်ထိန်းသူမိဘများ၏အကူအညီအားဖြင့် ကလေးငယ်များ၏အလွတ်ကျက်မှတ်ခြင်းနှင့် လေ့လာမှုများပေါ်တွင်မူတည်သည်သည်။

(၃) ကလေးသူငယ်များသည် ဤစာအုပ်ထဲတွင်ရှိသောသင်ခန်းစာနှစ်ဆယ့်လေးခုများကိုလေ့လာသိရှိရမည်ဖြစ်သည်။ သင်ခန်းစာတစ်ခုစီတိုင်းတွင်ဖော်ပြထားသော ကျမ်းပိုဒ်များကိုလည်း အမြဲတမ်းရွတ်ဆိုလေ့ကျက်ရမည်ဖြစ်သည်။

(၄) ဤသင်ခန်းစာအပြင် မြေပုံများကိုအသုံးပြု၍သွန်သင်ခြင်းသည်လည်းပို၍ ကောင်းသည်။

(၅) အလွတ်ကျက်ရန် ကျမ်းပိုဒ်များကိုလည်းဖော်ပြထားပါသည်။၄င်းတို့ကို ဆရာ/မများအနေဖြင့် အလေးထားကာ ကြိုးပမ်းအားထုတ်လျက် ကလေးသူငယ်များသင်ကြားပေးရန် တိုက်တွန်းလိုပါသည်။ ကလေးသူငယ်များက ၄င်းတို့ကို အလွတ်ကျက်နိုင်မည်မဟုတ်ဟု မယူဆအပ်ပေ။ ၄င်းတို့သည် ကိုးနှစ်နှင့်ဆယ်နှစ်အရွယ်ရှိသော ကလေးသူငယ်များအတွက်မဟုတ်ပေ။

ကလေးသူငယ်များသည် နှုတ်ကပတ်တော်၌အမြစ်တွယ်နိုင်ရန်အတွက် ကျွန်ုပ်တို့၏အနည်းငယ်သောကြိုးပမ်းအားထုတ်မှုအပေါ်ဘုရားသခင်ကောင်းချီးပေးပါစေ။

-Prof H. C. Hoeksema ၏အမှာစာမှ မှီငြမ်းကိုးကားခြင်းဖြစ်သည်။

အသင်းတော်တွင် ကလေးသူငယ်များအား သမ္မာကျမ်းစာအကြောင်းကို မေးခွန်းများအားဖြင့်သွန်သင်ခြင်းသည် အကောင်းဆုံးသောနည်းလမ်းဖြစ်သည်။ဤစာအုပ်သည် WSC ၌ကဲ့သို့ သမ္မာကျမ်းစာအယူဝါဒနှင့် ပတ်သက်သောအမေးအဖြေများ၏အခြေခံလည်းဖြစ်သည်။ မူရင်းမှ အမှားများကိုပြုပြင်ကာမေးခွန်းများကိုပိုမိုထိရောက်မှုရှိရန်အတွက် အဖြေများကိုအနည်းငယ် အမှားပြုပြင်ထားပါသည်။

Level I (Beginner)ကိုအသုံးပြုနေသောသူများက ကျောင်းသားများနှင့်မိဘများအတွက်ယခုထုတ်ဝေထားသောအစိတ်အပိုင်းကို အသုံးပြုရာတွင် ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။မိဘများနှင့်ဆရာ/မများက ကလေးသူငယ်များ၏အခြေအနေကိုသိရှိရန်လိုအပ်သည်။ မှတ်ဉာဏ်နှေးကွေးသောကလေးသူငယ်များကို မှတ်ဉာဏ်မြန်ဆန်သောကလေးငယ်များကဲ့သို့မသင်ကြားအပ်ပေ။ ကလေးများသည် စာအလွက်ကျက်မှတ်ရာတွင် တစ်ခါသင်ပေးရုံဖြင့် အလွတ်ရမည်မဟုတ်သောကြောင့် အားလပ်ချိန်ပေးကာ သူတို့ကို သင်ကြားပေးရန် မိဘများကို တိုက်တွန်းလိုပါသည်။ သာဓကအားဖြင့်၊ ကလေးတစ်ဦးက တစ်ရက်လျှင် မေးခွန်းနှစ်ခုစီကိုအလွတ်ကျက်လျှင် စနေနေ့ရောက်သောအခါ အလွတ်ကျက်ရန်ပေးထားသောသင်ခန်းစာများကိုအလွတ်ကျက်နိုင်မည်ဖြစ်သည်။ သို့သော် Prof Hoeksema အကြံပြုထားသည့်အတိုင်း ‘‘စာအလွတ်ကျက်ရာတွင် ကလေးသူငယ်များကိုအထင်မသေးအပ်ပေ။’’ တခါတရံ ကလေးသူငယ်များသည် လူကြီးများထက် စာအလွတ်ကျက်မှတ်ရာတွင် ပို၍ဉာဏ်ရည်ထက်မြက်တတ်ပါသည်။ ထိုကြောင့်ကလေးသူငယ်များစာအလွတ်ကျက်ရာတွင် တားဆီးခြင်းမပြုအပ်ပေ။

ဘုရားသခင်၏နည်းလမ်းအားဖြင့် ကလေးသူငယ်များကိုသွန်သင်ခြင်း၌ ကျွန်ုပ်တို့၏အနည်းငယ်ကြိုးပမ်းမှုအပေါ်ဘုရားသခင်ကောင်းချီးပေးပါစေ။

*Ps J.J Lim*

Copyright © Gratia Dei Sola Media

# သင်ခန်းစာ (၁)
## ဖန်ဆင်းခြင်းအကြောင်း

၁။ မြေတပြင်လုံးသည် မည်သို့ စတင်လာခဲ့သနည်း။
ဘုရားသခင်သည်ကောင်းကင်နှင့်မြေကြီး၊နှင့်အရာခပ်သိမ်းကို ဖန်ဆင်းခဲ့သည်။

၂။ ဘုရားသခင်သည် ခပ်သိမ်းသော အရာအားလုံးကို ဘယ်ချိန်က ဖန်ဆင်းခဲ့သနည်း။
ခရစ်တော်မွေးဖွားခြင်းမတိုင်မီ လွန်ခဲ့သောနှစ်ပေါင်းလေးထောင်ခန့်ကဖန်ဆင်းခဲ့သည်။

၃။ ဖန်ဆင်းခြင်းသည် ဘယ်အချိန်တွင် အဆုံးသတ်ခဲ့သနည်း။
ခြောက်ရက်မြောက်သောနေ့၌ ပြီးဆုံး၍ ခုနစ်ရက်နေ့တွင် ဘုရားသခင်အနားယူခဲ့သည်။ (ကမ္ဘာ ၁း၃၁–၂း၁)

၄။ ခပ်သိမ်းသောအရာအားလုံးကို ဘုရားသခင်သည် မည်သို့ ဖန်ဆင်းခဲ့သနည်း။
သူ၏နှုတ်တန်ခိုးအားဖြင့် ဖန်ဆင်းခဲ့သည်။ (ကမ္ဘာ ၁း၃၊ ဟေဗြဲ ၁၁း၃)

၅။ ဘုရားသခင်သည် လူကို မည်ကဲ့သို့ ဖန်ဆင်းခဲ့သနည်း။
ဘုရားသခင်သည် လူကို မြေမှုန့်ဖြင့် ဖန်ဆင်း၍ သူ၏ နှာခေါင်းထဲသို့ ဇီဝအသက်ကို မှုတ်သွင်းခဲ့သည်။ (က ၂း၇)

၆။ လူ ဖန်ဆင်းခြင်းအကြောင်းကို သမ္မာကျမ်းစာက မည်ကဲ့သို့ ဖော်ပြခဲ့သနည်း။
ဘုရားသခင်သည် သူ၏ ပုံသဏ္ဍာန်တော်နှင့်အညီ လူကို ဖန်ဆင်းခဲ့ကာ သူ့ကိုချစ်ရန်နှင့် အစေခံ ရန် လူကိုဖန်ဆင်းခြင်းဖြစ်သည်။ (ကမ္ဘာ ၁း၂၆–၂၇)

၇။ အာဒံကို ဖေးမကူညီဖို့ရန် ဘုရားသခင်သည် မည်သူ ဖန်ဆင်းပေးခဲ့သနည်း။
အာဒံ၏ နံရိုးတစ်ချောင်းကို ထုတ်ယူ၍ဖန်ဆင်းထားသော ဧဝဖြစ်သည်။ (ကမ္ဘာ၂း၂၁–၂၃)

၈။ ဘုရားသခင်သည် အာဒံနှင့် ဧဝကို မည်သည့်နေရာ၌ နေထိုင်စေခဲ့သနည်း။
အလွန်လှပသော ပရဒိသုခဘုံဖြစ်သောဧဒင်ဥယျာဉ်ထဲမှာ နေထိုင်စေခဲ့သည်။ (ကမ္ဘာ၂း၈)

၉။ အာဒံကို မည်သည့်အရာလုပ်ဆောင်ဖို့ရန် ခန့်ထားတော်မူသနည်း။
ဖန်ဆင်းထားသောအရာအားလုံးကိုရှင်ဘုရင်ကဲ့သို့အုပ်ချုပ်ရန်နှင့် ဘုရားသခင်ကို အစေခံရန် အာဒံကိုခန့်ထားခဲ့သည်။ (ကမ္ဘာ ၂း၁၅)

၁၀။ ဖန်ဆင်းခြင်းအစတွင် အပြစ်နှင့်သေခြင်းတရားရှိခဲ့သလား။
ဘုရားသခင်သည် မိမိဖန်ဆင်းမှုသောအရာတို့ကို ကြည့်ရှုလျှင် အလွန်ကောင်း သည်ကို မြင်တော်မူ၏။ (ကမ္ဘာ ၁း၃၁)

*အလွတ်ကျက်ရန်။* ။ ဓမ္မဟောင်းကျမ်းစာအုပ်များကို အစဉ်လိုက်အလွတ်ကျက်ပါ။
ကမ္ဘာဦးကျမ်း၊ ထွက်မြောက်ရာကျမ်း၊ ဝတ်ပြုရာကျမ်း၊ တောလည်ရာကျမ်း၊ တရားဟောရာကျမ်း၊ ယောရှုမှတ်စာ၊ တရားသူကြီးမှတ်စာ၊ ရှုသဝတ္ထု၊ ဓမ္မရာဇဝင်ပဌမစောင်၊ဓမ္မရာဇဝင်ဒုတိယစောင်၊ ဓမ္မရာဇဝင်တတိယစောင်၊ ဓမ္မရာဇဝင်စတုတ္ထစောင်၊ ရာဇဝင်ချုပ်ပဌမစောင်၊ ရာဇဝင်ချုပ်ဒုတိယစောင်၊ ဧဇရ မှတ်စာ၊ နေဟမိမှတ်စာ၊ ဧသတာဝတ္ထု၊ ယောဘဝတ္ထု၊ ဆာလံကျမ်း၊ သုတ္တံကျမ်း၊ ဒေသနာကျမ်း၊ ရှောလမုန်သီချင်း၊ ဟေရှာယအနာဂတ္တိကျမ်း၊ ယေရမိအနာဂတ္တိကျမ်း၊ ယေရမိမြည်တမ်းစကား၊ ယေဇကျေလအနာဂတ္တိကျမ်း၊ ဒံယေလအနာဂတ္တိကျမ်း၊ ဟောရှေအနာဂတ္တိကျမ်း၊ ယောလအနာဂတ္တိ ကျမ်း၊ အာမုတ်အနာဂတ္တိကျမ်း၊ ဩဗဒိအနာဂတ္တိကျမ်း၊ ယောနဝတ္ထု၊ မိက္ခာအနာဂတ္တိကျမ်း၊ နာဟုံအာ နာဂတ္တိကျမ်း၊ ဟဗက္ကုတ်အနာဂတ္တိကျမ်း၊ ဇေဖနိအနာဂတ္တိကျမ်း၊ ဟဂ္ဂဲအနာဂတ္တိကျမ်း၊ ဇာခရိအနာဂတ္တိကျမ်း၊ မာလခိအနာဂတ္တိကျမ်း။



# သင်ခန်းစာ(၂)
## အပြစ်စတင်ခြင်း

၁။ ဧဒင်ဥယျာဉ်ထဲမှာဘုရားသခင်ဖန်ဆင်းထားသော အပင်များမှထူးခြားသောအပင်နှစ်မျိုးကိုဖော်ပြပါ။
အသက်ပင်နှင့် ကောင်းမကောင်းကို သိကျွမ်းရာအပင်ဖြစ်သည်။ (ကမ္ဘာ ၂း၉)

၂။ အာဒံနှင့် ဧဝသည် အသက်ပင်၏အသီးကို စားခဲ့ကြသလား။
စားခဲ့ကြပါသည်။၎င်း၏အသီးသည် သူတို့ပိုင်ဆိုင်နိုင်သော ထာဝရအသက်၏လက္ခဏာနှင့်တံဆိပ် ဖြစ်သည်။ (ကမ္ဘာ၂း၁၆၊ ၃း၂၂[၁])

၃။ သူတို့သည် ကောင်းမကောင်းသိကျွမ်းရာအပင်ကို စားခဲ့ကြသလား။
မစားခဲ့ကြပါ။ ထိုအပင်၏ အသီးကို မစားရဟု ဘုရားသခင်ပညတ်ထားတော်မူ၏။ (ကမ္ဘာ ၂း၁၇)

၄။ ဘုရားသခင်အမိန့်ကို နာမခံရန်နှင့် အသီးကိုစားရန် ဧဝကို မည်သူက သွေးဆောင်ခဲ့သနည်း။
စာတန်သည် မြွေအသွင်သဏ္ဍာန်ဖြင့် ဧဝကိုသွေးဆောင်ခဲ့ပါသည်။ (ကမ္ဘာ ၃း၁)

၅။ ဧဝကို စာတန်က မည်သို့သွေးဆောင်ခဲ့သနည်း။
စာတန်က ‘‘သင်တို့သည် ဧကန်အမှန် သေရမည်မဟုတ်’’ဟု ပြောဆိုခဲ့သည်။ (ကမ္ဘာ ၃း၄)

၆။ စာတန်လိမ်လည်ပြောဆိုသော စကားကို ဧဝသည် ယုံကြည်ပါသလား။
ယုံကြည်ခဲ့သည်။ သူသည် အသီးကို ယူ၍ စားပြီးသူမ၏ခင်ပွန်းသည်ကိုလည်းပေး၍ စားစေခဲ့သည်။ (ကမ္ဘာ ၃း၆)

၇။ အာဒံနှင့် ဧဝကို ဘုရားသခင်အပြစ်ပေးခဲ့ပါသလား။
အပြစ်ဒဏ်ပေးခဲ့သည်၊ ဘုရားသခင်နှင့်မိတ်သဟာယ ပျက်သွားရုံမက သားမြေ စဉ်ဆက်အပေါ်မှာ သေခြင်းနှင့် ကျိန်ခြင်းသက်ရောက်စေခဲ့ပါသည်။ (ကမ္ဘာ ၃း၈–၁၁၊ ၁၆–၁၉၊ ကောလောသဲ ၂၊ဂလာ ၃း၆

၈။ သူတို့အပြစ်ကြောင့် မြေတပြင်လုံးမှာ မည်သည့်အရာ ဖြစ်ပျက်စေခဲ့သနည်း။
မြေတပြင်လုံးသည် လူသားများအတွက် ကျိန်ခြင်းခံလျက်ရှိသည်။ (ကမ္ဘာ ၃း၁၇–၁၈)

၉။ ထိုနောက်အာဒံနှင့်ဧဝတို့သည် အသက်ပင်အသီးကိုစားရန် ဘုရားသခင်ခွင့်ပြုခဲ့သလား။
ခွင့်အပြုခဲ့ပေ။ အသက်ပင်၏ အသီးကို မစားသင့်ဟု မိန့်တော်မူပြီး ဧဒင်ဥယျာဉ်ထဲမှ သူတို့ကို နှင်ထုတ်ခဲ့သည်။ (ကမ္ဘာ ၃း၂၂–၂၄)

၁၀။ ဘုရားသခင်သည် သူတို့ကို အသစ်တဖန်ကောင်းကြီးကို ခံစားစေခဲ့ပါသလား။
ခံစားစေခဲ့ပါသည်။အပြစ်မှ လူသားများ ကယ်နှုတ်ရန်ကယ်တင်ရှင်တစ်ပါးကို ဘုရားသခင်သည် ပြန်လည်ပြင်ဆင်တော်မူသည်။ (ကမ္ဘာ ၃း၁၅)

*အလွတ်ကျက်ရန်။* ။ ဟေဗြဲ ၁၁း၁ – ၃
ယုံကြည်ခြင်းသည် မြော်လင့်သောအရာတို့ကိုမျက်မှောက်ပြုခြင်းဖြစ်၏။ မမြင်သေးသောအရာတို့ကို သိမှတ်စွဲလမ်းခြင်းအကြောင်းဖြစ်၏။ ထိုပါရမီကြောင့်၊ ရှေးလူဟောင်းတို့သည် ချီးမွမ်းခြင်းတော်မူခြင်း ကိုခံရကြ၏။ ယခုမြင်ရသောအရာတို့သည်၊ အရင်ထင်ရှားသောအရာထဲကမဖြစ်ဘဲ၊ လောကဓာတ်တို့ သည်ဘုရားသခင်အမိန့်တော်ကြောင့်သာတည်သည်ကို ငါတို့သည်ယုံကြည်ခြင်းအားဖြင့်သိကြ၏။

[၁]ကာလ်ဗင့်..... ‘‘ဘုရားသခင်က ကောင်းသောအရာဟုသမျှနုတ်ယူခြင်း’’



Copyright © Gratia Dei Sola Media

# သင်ခန်းစာ(၃)
## အပြစ်စတင်ကြီးထွားလာခြင်း

၁။ အာဒံနှင့်ဧဝတို့၏ မိသားစုအပေါ်မှာ မည်သည့်အပြစ်တွေ ရုတ်တရက် ပေါ်လာခဲ့သနည်း။
ဘုရားသခင်ကို ယုံကြည်ကိုးစားသူ အာဗေလကို သူ့အစ်ကို ကာဣနက သတ်ခဲ့သည်။(ကမ္ဘာ၄း၈)
၂။ အာဗေလကိုယ်စား ဘုရားသခင်က မည်သူ့ကို ပေးခဲ့သနည်း။
ဘုရားသခင်ကို ကြည်ညိုကြောက် ရွံ့သူရှေသကိုပေးခဲ့သည်။ သူ၏ မျိုးစဉ်မျိုးဆက်အား ဘုရားသားများ ဟု ခေါ်ဝေါ်သမုတ်ခြင်း ခံခဲ့ရသည်။ (ကမ္ဘာ ၄း၂၅၊ ၅း၆–၇၊ ၆း၂)
၃။ မြေတပြင်လုံး၌ မကောင်းဆိုးဝါးတွေ တိုးတက်လာခဲ့ပါသလား။
တိုးတက်ခဲ့သည်။ ကာဣန၏မျိုးစဉ်မျိုးဆက်များသည် အပြစ်ပြုကြ၍ မြေတပြင်လုံး၌ ဆိုးညစ်ခြင်း ပိုမိုကြီးထွားလာခဲ့ပါသည်။ (ကမ္ဘာ ၆း၅)
၄။ ဆိုးညစ်ခြင်း လျင်မြန်စွာ ကြီးထွားလာရန် ကူညီသောအရာတစ်ခုသည် အဘယ်နည်း။
ကာဣန၏ မျိုးစဉ်မျိုးဆက်သည် မြေတပြင်လုံး၌ အင်အားကြီးမားသူများဖြစ်ကြကာ သူတို့သည် ဆိုးညမ်းခြင်းနှင့် ပြည့်စုံသောသူတွေ ဖြစ်ကြသည်။ (ကမ္ဘာ ၆း၄)
၅။ အင်အားကြီးမားသောသူတွေများ၏နာမည်အချို့တို့ကို ဖော်ပြပေးနိုင်မည်လား။
သမ္မာကျမ်းစာမှာ အထူးသဖြင့် ဖော်ပြခဲ့သည်မှာ လာမက်၏ သားသုံးဦးဖြစ်သော ယာဗလ၊ ယုဗလနှင့် တုဗလ ကာဣနဖြစ်သည်။ (ကမ္ဘာ ၄း၁၈–၂၄)
၆။ အပြစ်ကြီးထွားလာစေရန် အခြားကူညီပေးသောအရာ ရှိသေးပါသလား။
ရှိပါသည်။ ရေလွှမ်းမိုးခြင်း မတိုင်မီ လူသားများသည် အသက်နှစ်ပေါင်း ၉၀၀ ကျော် အသက်ရှင် နေထိုင်ခဲ့ကြသည်။ (ကမ္ဘာ ၅း၅ ၊ ၁၁ ၊ ၁၄ ၊ ၂၀)
၇။ ရှေသ၏ မျိုးဆက်များက ဘုရားသခင်ကို ကြောက်ရွံ့ကြပါသလား။
လူများစွာတို့က ကာဣနသားသမီးများနှင့်အိမ်ထောင်ပြုကြသဖြင့် ဘုရားသခင်ကို ကိုးကွယ်သူနည်း သောကြောင့် ဘုရားသခင်ကို ကြောက်ရွံ့ရန် အကြောင်းမရှိပေ။ (ကမ္ဘာ ၆း၁ – ၃)
၈။ ဘုရားသခင်ကို ကြောက်ရွံ့သောသူများထဲမှ တစ်ဦးကို ဖော်ပြပါ။
ဘုရားသခင်အလိုတော်အတိုင်း အသက်ရှင်ပြီး၊ဧနောက်သည် ကမ္ဘာမြေတပြင်လုံးကို တရားစီရင် လိမ့်မည်ဟု ဟောကိန်းထုတ်ခဲ့သူ ဧနောက်ဖြစ်သည်။ (ကမ္ဘာ ၅း၂၂ – ၂၄၊ ယုဒ ၁၄–၁၅)
၉။ ဧနောက်အပေါ် မည်သည့်အရာဖြစ်ပျက်သွားခဲ့သနည်း။
ဧနောက်သည် နှစ်ပေါင်း ၃၆၅ ရှိသောအခါ ဘုရားသခင်သည် ကောင်းကင်ဘုံသို့ သိမ်းယူ တော်မူခဲ့သည်။ (ကမ္ဘာ ၅း၂၃–၂၄၊ cf ဟေဗြဲ ၁၁း၅)
၁၀။ ဘုရားသခင်သည် အပြစ်လွှမ်းမိုးနေသော ကမ္ဘာမြေကြီးကို လျစ်လျူရှုခဲ့သလား။
လျစ်လျူမရှုခဲ့ပါ။ နောဧခေတ်ကာလတွင်မြေကြီးတပြင်လုံးသည်အလွန်ဆိုးရွားသောကြောင့် ဘုရားသခင်သည် ရေဖြင့် ဆေးကြောရန်မိန့်မှာခဲ့သည်။ (ကမ္ဘာ ၆း၃၊ ၅–၈၊ ၁၁–၁၄၊၁၇)

*အလွတ်ကျက်ရန်*။ ။ ဟေဗြဲ ၁၁း၄၊၅

၄အာဗေလသည်ကာဣနပူဇော်သောယဇ်ထက်သာ၍ မြတ်သောယဇ်ကို ယုံကြည် ခြင်းအားဖြင့်ဘုရားသခင်အားပူဇော်၏။ ထိုသို့သောယဇ်ကိုပူဇော်၍ မိမိဖြောင့်မတ်သည်ဟု သက်သေခံ တော်မူခြင်းကိုရလေ၏။အဘယ်သို့နည်းဟူမူကား။ သူလှူသောအလှူကို ဘုရားသခင်သည် လက်ခံတော် မူ၏။ သို့ဖြစ်၍အာဗေလသည်သေလွန် သော်လည်း၊ ယခုပင်တရားဟောသေး၏။ ၅ ဧနောက်သည်ယုံ ကြည်ခြင်းအားဖြင့်သေခြင်းနှင့်လွတ်၍ ဘဝပြောင်းရ၏။ဘုရားသခင်သည် သူ့ကိုဘဝပြောင်းစေတော်မူသော ကြောင့် သူသည် နောက်တဖန်မ ပေါ်မရှိ။ သူသည် ဘဝမပြောင်းမီဘုရားသခင်၏စိတ်တော်နှင့်တွေ့သော သူဖြစ်သည်ဟု သက်သေခံခြင်း ကိုရလေ၏။



# သင်ခန်းစာ(၄)
## ရေလွှမ်းမိုးခြင်း

၁။ ဘုရားသခင်သည် ပထမအကြိမ်ကမ္ဘာမြေကြီးကို မည်သို့ ဖျက်ဆီးခဲ့သနည်း။
ဘုရားမဲ့စွာ ပျက်ဆီးနေသော ကမ္ဘာမြေတခွင်လုံးကို ရေလွှမ်းမိုးခြင်းအားဖြင့် ဖျက်ဆီးခဲ့သည်။ (ကမ္ဘာ ၇း၄၊၁၀၊ ၁၂)
၂။ ရေသည် မည်မျှကြီးကာ လွှမ်းမိုးခဲ့သနည်း။
ရေသည် ကမ္ဘာမြေတပြင်လုံးကို လွှမ်းမိုးပြီးရှိရှိသမျှအရာအားလုံးဖျက်ဆီးခဲ့သည်။(ကမ္ဘာ ၇း၁၈– ၂၃)
၃။ မိုးရွာသွန်းခြင်းဖြင့် ရေလွှမ်းမိုးခြင်းဖြစ်ခဲ့ပါသလား။
မဖြစ်ခဲ့ပါ။ကြီးစွာသောနက်နဲရာ ရေပေါက်ရေတွင်းတို့ အဆီးအတားရှိသမျှကို ပယ်ရှင်း၍ မိုးကောင်းကင် ပြွန်ဝများကို ဖွင့်သဖြင့် ရေလွှမ်းမိုးမှုဖြစ်ပေါ်စေခဲ့ပါသည်။ (ကမ္ဘာ ၇ း ၁၁)
၄။ ဘုရားသခင်သည် ဘယ်အချိန်တွင် တရားစီရင်ရန် ကြွေးကြော်ခဲ့သနည်း။
နောသည်သင်္ဘောကို တည်ဆောက်ရင်း ဖြောင့်မတ်ခြင်းဧဝံဂေလိတရားကို ဟောပြောခြင်းမပြု မီနှစ်ပေါင်း ၁၂၀ မှာကြွေးကြော်ခဲ့သည်။(ကမ္ဘာ ၆း၃၊ ၁၁း၆–၇၊ ၂ပေ ၂း၅)
၅။ ဘုရားသခင်သည် သင်္ဘောကြီးပေါ်မှာ မည်သူတွေ ကယ်တင်ခဲ့သနည်း။
နောဧ၏ မိသားစု အားလုံးနှင့် မြေပေါ်မှာ တွားတတ်သော တိရစ္ဆာန်များကို ကယ်တင်ခဲ့သည်။ (ကမ္ဘာ ၇း၁–၃၊ ၇–၉၊ ၁၃–၁၆)
၆။ နောဧနှင့် မိသားစုကို ဘုရားသခင်က အဘယ်ကြောင့် ကယ်တင်ခဲ့သနည်း။
အလွန်ဆိုးသွမ်းသော လောကတွင် နောသည် ဘုရားသခင်နှင့်အတူ ဖြောင့်မတ်စွာအသက်ရှင်ခဲ့၍ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်ကယ်တင်ခဲ့သည်။(ကမ္ဘာ၆း၈–၇း၁၊ဟေဗြဲ ၁၁း၆–၇၊ ၂ပေ ၂း၅)
၇။ ရေခန်းခြောက်သည်အထိ အချိန်မည်မျှကြာခဲ့သနည်း။
ရေသည်မြေကြီးပေါ်မှာ ရက်ပေါင်းတစ်ရာ့ငါးဆယ်ပတ်လုံးအား ကြီးစွာတည်ပြီး၊နောသည် သင်္ဘောပေါ်မှာ တစ်နှစ်နှင့် ဆက်ရက်နေထိုင်ခဲ့သည်။ (ကမ္ဘာ ၇း၂၄၊ ၈း၁–၁၉)
၈။ ရေလွှမ်းမိုးပြီး ဘုရားသခင်က နောအထံ မည်သည့်အရာပြောဆိုခဲ့သနည်း။
"သင်တို့နှင့် ၎င်းနောက်ဖြစ်လတံ့သော အမျိုးအနွယ်နှင့် ၎င်းသင်တို့ထံမှာ အသက်ရှင်သော တိရစ္ဆာန်ရှိသမျှကို ငါသည် ကိုယ်တိုင်ပဋိညာဉ်ပြု၏" ဟုဆိုခဲ့သည်။ (ကမ္ဘာ ၉း၉–၁၀)
၉။ ဘုရားသခင်သည် နောအထံပဋိညာဉ်အဖြစ် ဘာလက္ခဏာကို ပေးခဲ့သနည်း။
ပဋိညာဉ်လက္ခဏာအဖြစ် သက်တန့်ကို မိုးတိမ်၌ ငါထား၏ဟု ပဋိညာဉ်ပြုခဲ့သည်။(ကမ္ဘာ၉း၈–၁၇)
၁၀။ ရေလွှမ်းမိုးခြင်းကို ဘယ်အချိန်မှာ ဖြစ်ပျက်ခဲ့သနည်း။
၂၃၅၀ BC[2] ဝန်းကျင်မှာ ဖြစ်ပျက်ခဲ့ပါသည်။

အလွတ်ကျက်ရန်။ ။ ဟေဗြဲ ၁၁း၆–၇

၆ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်။အကြောင်းမူကား၊ ဘုရားသခင့်ထံတော်သို့ ချဉ်းကပ်သောသူသည် ဘုရားသခင်ရှိတော်မူသည်ကို၎င်း၊ ကိုယ်တော်ကိုရှာသောသူအားအကျိုးပေး တော်မူသည်ကို၎င်း၊ ယုံကြည်ရမည်။ ၇နောသည် မမြင်သေးသောအမှုအရာတို့ကို ဘော်ပြသောဗျာ ဒိတ်တော်ကိုခံပြီးမှ ယုံကြည်ခြင်းအားဖြင့်ကြောက်ရွံ့သောစိတ်ရှိ၍၊ မိမိအိမ်သူအိမ်သားတို့ကိုကယ်တင် ခြင်းငှါ သင်္ဘောကိုတည်လေ၏။ ထိုယုံကြည်ခြင်းအားဖြင့် လောကီသားတို့ကို အပြစ်တင်၍ယုံကြည် ခြင်းနှင့်ယှဉ်သော ဖြောင့်မတ်ခြင်းကိုလည်းအမွေခံရ၏။

[2]James Ussher , *Annals of the Old Testament, Deduced from the First Origins of the World*



Copyright © Gratia Dei Sola Media

# သင်ခန်းစာ (၅)
## နောဧခေတ်မှ အာဗြဟံခေတ်အထိ

၁။ ရေလွှမ်းမိုးခြင်းအားဖြင့် အပြစ်တွေ ဖျက်ဆီးခဲ့သလား။
မဖျက်ဆီးပါ။ နောဧ၏ မိသားစုအပေါ်မှာ ရုတ်တရက် အပြစ်ကို ဖြစ်ပေါ်လာခဲ့သည်။ (ကမ္ဘာ ၉း၂၀–၂၂)
၂။ အပြစ်သည် မည်သို့ဖြစ်ပေါ်ခဲ့သနည်း။
နောဧစပျစ်ရည်မူးယစ်သောအခါ ဟာမသည် သူ့အဖေကို ပျက်ရယ်ပြုခဲ့သည်။ (ကမ္ဘာ ၉း၂၂)
၃။ နောဧနိုးလာသောအခါ ဘာလုပ်ဆောင်ခဲ့သနည်း။
သူသည် ရှေမနှင့်ယာဖက်ကို ကောင်းကြီးပေး၍ ဟာမကို ကျိန်ဆိုခဲ့သည်။(ကမ္ဘာ၉း၂၄–၂၇)
၄။ အခြားသောအပြစ်တွေထပ်မံပေါ်ပေါက်သေးသလား။
ပေါ်ပေါက်ခဲ့သည်။ ဆိုးသွမ်းသောသူများသည်ရှိနာပြည်၌ ဗာဗုလုန်ရဲတိုက်ကြီးနှင့်မြို့တည်ဆောက်ရန် စုရုံးလာခဲ့ကြသည်။ (ကမ္ဘာ ၁၁း၂–၄)
၅။ ရဲတိုက်ကြီးကို တည်ဆောက်ခြင်း၏ ရည်ရွယ်ချက်၌ မှားယွင်းခြင်းရှိသလား။
သူတို့သည် ဘုရားသခင်ကဲ့သို့ကြီးမားကြောင်း ထောင်လွှားသောမာနရှိကြသောကြောင့် ကောင်းကင်ပေါ်သို့ရောက်သော ရဲတိုက်ကြီးကို တည်ဆောက်ခြင်းဖြစ်သည်။
၆။ မြို့ကြီးကို တည်ဆောက်ခြင်း၏ ရည်ရွယ်ချက်၌ မှားယွင်းခြင်းရှိသလား။
ဘုရားသခင်သည် သူတို့ကို မြေကြီးတစ်ပြင်လုံး၌ အရပ်ရပ်ကွဲပြားစေတော်မူသဖြင့် သူတို့သည် မြို့ကို မတည်နိုင်ကြပေ။ (ကမ္ဘာ ၁၁း၄၊ ၉း၁)
၇။ ဘုရားသခင်သည် သူတို့၏ အကြံအစည်ကို မည်သို့ ဖျက်ဆီးခဲ့သနည်း။
ဘုရားသခင်သည် သူတို့ကို စကားရှုတ်ထွေးစေပြီး မြေတပြင်လုံး၌ အရပ်ရပ်ကွဲပြား စေတော်မူသည်။ (ကမ္ဘာ ၁၁း၅–၉)
၈။ နောဧ၏ သားမီးများသည် မည်သည့်နေရာအရပ်သို့ ပျံ့နှံ့ခဲ့ကြသနည်း။
ဟာမသည် အာဖရိကမှာရင်း၊ ရှေမသည် အာရှမှာရင်း၊[၃] ယာဖက်သည် ဥရောပမှာရင်း အသီးသီး ပျံ့နှံ့နေထိုင်ခဲ့ကြသည်။၃
၉။ ရေလွှမ်းမိုးပြီး ဘုရားသခင်သည် သူ၏ပဋိညာဉ်တရားကို မည်သူ၏မျိုးစဉ်မျိုးဆက်များနှင့်ဆက်လက် လုပ်ဆောင်ခဲ့သနည်း။
ဓမ္မဟောင်းကျမ်းကာလမှာ ဘုရားသခင်သည် ရှေမ၏ မျိုးဆက်အပေါ်ပဋိညာဉ်ပြုခဲ့သည်။ (၁ရာ ၁း၂၄–၂၇)
၁၀။ ဘုရားသခင်သည် ရှေမအပေါ်မှာ ပြုခဲ့သော ပဋိညာဉ်အပြင် မည်သူနှင့်ပဋိညာဉ်ပြုခဲ့သနည်း။
အာဗြဟံနှင့်သူ၏ မျိုးစဉ်မျိုးဆက်များနှင့်ပဋိညာဉ်ပြုခဲ့သည်။(၁ရာ ၁း၂၄–၂၇၊ ကမ္ဘာ ၁၇း၁–၉)

*အလွတ်ကျက်ရန်။* ။ ဟေဗြဲ ၁၁း၈
အာဗြဟံသည် အမွေခံရလတံ့သောပြည်သို့ ထွက်သွားမည်အကြောင်း၊ ဘုရားသခင်ခေါ်တော်မူသော အခါ၊ သူသည် အဘယ်အရပ်သို့သွားသည်ကိုကိုယ်တိုင်မသိဘဲလျက်၊ ယုံကြည်ခြင်းအားဖြင့်နားထောင် ထွက်သွားလေ၏။

[၃] See Henry’s commentary on 1 Chron 1:1-27.



# သင်ခန်းစာ (၆)
## အာဗြဟံအကြောင်း

၁။ ဘုရားသခင်သည် အာဗြဟံကို မည်သည့်နေရာမှ ခေါ်ဆောင်ခဲ့သနည်း။
ဘုရားသခင်သည် သူ့ကို ခါလဒဲပြည် ဥရမြို့မှ ထွက်စေပြီး ဟာရန်မြို့သို့ နေထိုင်စေခဲ့သည်။ (ကမ္ဘာ ၁၁း ၂၉–၃၁၊ ၁၂ း ၁ – ၄)
၂။ ဘုရားသခင်သည် အာဗြဟံကို မည်သည့်အရာပြောပြခဲ့သနည်း။
“သင်၏ ပြည်နှင့်တကွ အမျိုးသားချင်းပေါက်ဖော်မှ ထွက်ခွာပြီးလျှင် ငါပြလတံ့သော ပြည်သို့ သွားလော့” ဟု မိန့်တော်မူခဲ့သည်။ (ကမ္ဘာ ၁၂း၁)
၃။ အာဗြဟံသည် အမိန့်တော်ကို နားခံခဲ့ပါသလား။
နာခံခဲ့သည်။ အာဗြဟံသည် ယုံကြည်ခြင်းအားဖြင့် ခါနာန်ပြည်သို့ရောက်ခြင်းငှာ ထွက်သွားတော်မူသည်။ (ကမ္ဘာ ၁၂း၄–၅၊ တမန် ၇း ၂–၆, ဟေဗြဲ ၁၁း၈)
၄။ ဘုရားသခင်သည် အာဗြဟံကို ဘယ်အချိန်မှာ ခေါ်တော်မူသနည်း။
ဘီစီ ၂၀၉၀ ခုနှစ် ဝန်းကျင်မှာ ခေါ်တော်မူခဲ့သည်။
၅။ အာဗြဟံနှင့်အတူ လိုက်ပါသောသူသည် မည်သူဖြစ်သနည်း။
သူ၏ တူလောတဖြစ်သည်။ သူသည် အာဗြဟံနှင့် ခွဲခွာပြီးနောက် ဒိုမြို့သို့ နေထိုင်ရန် ရွေးချယ်ခဲ့သည်။ (ကမ္ဘာ ၁၃း၁၊ ၇–၁၂)
၆။ ဧလာ ရှင်ဘုရင်လက်မှ လောသကို ကယ်တင်ခဲ့ပြီးနောက် အာဗြဟံသည် မည်သူနှင့် တွေ့ဆုံခဲ့သနည်း။
အမြင့်ဆုံးသော ဘုရားသခင်၏ ယဇ်ပုရောဟိတ်ဖြစ်သော ရှာလင်မင်းကြီးမေလခိဇေဒက်နှင့် တွေ့ဆုံခဲ့သည်။ (ကမ္ဘာ ၁၄း၉–၁၈)
၇။ ဆိုးသွမ်းသောသောဒုံနှင့် ဂေါမောရ မြို့များအပေါ် မည်သည့်အရာဖြစ်ပေါ်လာခဲ့သနည်း။
သောတနှင့် သူ၏ မိသားစုကို ကယ်တင်ပြီးနောက် ထာဝရ ဘုရားသခင်သည် ထိုမြို့များအပေါ်သို့ ကန့်နှင့် မီးမိုးရွာစေပြီး ဖျက်ဆီးခဲ့လေသည်။(ကမ္ဘာ ၁၉း၂၂–၂၅၊ ၂၉)
၈။ ဘုရားသခင်သည် အဗြဟံအား မည်သည့်အရာကို ကတိပေးခဲ့သနည်း။
ငါသည် သင့်ကို လူမျိုးကြီးဖြစ်စေမည်။ ခရစ်တော်အားဖြင့်ရရှိသော ကောင်းချီးနှင့် ကောင်းကင်ဘုံကို ပုံဆောင်သော သင်၏ မျိုးနွယ်သည် ခါနာန်ပြည်ကို အမွေဆက်ခံရန် ငါပေးမည်ဟု ကတိပြုခဲ့သည်။ (ကမ္ဘာ ၁၂း၂–၃၊ ၁၅း၁၃–၁၆၊ ၁၇း၇–၈၊ ၁၈း၁၇–၁၈၊ ဟေဗြဲ ၁၁း၈–၁၀၊ ၁၃ – ၁၆)
၉။ ဤအချိန်မှာ အဗြဟံသည် သားသမီးထွန်းကားခဲ့သလား။
မထွန်းကားသေးသော်လည်းသူသည် ဘုရားသခင်၏ကတိကိုယုံကြည်ခဲ့သည်။(ကမ္ဘာ၆း၁၊ဟေဗြဲ ၁၁း၈–၁၂)
၁၀။ အသက်အရွယ်ကြီးရင့်ပြီးဖြစ်သော အာဗြဟံနှင့် စာရာအပေါ် ဘုရားသခင်သည် အဘယ်သို့သောအံ့သြဖွယ် အမှုကို ပြုခဲ့သနည်း။
ပဋိညာဉ်တည်စေမည့်သူ သားတစ်ဦး ဣဇာက်ကိုချပေးရန် ကတိပေးခဲ့သည်။ (ကမ္ဘာ၁၇း၁၅–၂၁ , ၁၈း၁၀–၁၅)
*အလွတ်ကျက်ရန်။* ။ ဟေဗြဲ ၁၁း၉–၁၀
၉သူတပါးပိုင်သောပြည်၌ဧည့်သည်နေသကဲ့သို့ ဂတိတော်နှင့်စပ်ဆိုင်သောပြည်၌ယုံကြည်ခြင်းအားဖြင့်ဧည့် သည်ဖြစ်၍နေ၏။ ထိုဂတိတော်ကိုအမွေခံရသော အသော်အဘက်တည်းဟူသော ဣဇာက်၊ ယာကုပ်တို့ နှင့်အတူတဲ၌နေလေ၏။ ၁၀ အကြောင်းမူကား၊ ဘုရားသခင်တည်ထောင်ပြုစုတော်မူသောခိုင်ခံ့မြဲမြံသော မြို့ကို မြော်လင့်သတည်း။



Copyright © Gratia Dei Sola Media

# သင်ခန်းစာ (၇)
## ဣဇာက်အကြောင်း

၁။ အာဗြဟံပထမဆုံးရရှိခဲ့သော သားနှစ်ဦးမှာ မည်သူနည်း။
ဟာရ၏ သား ဣရှမေလနှင့် စာရာ၏ သား ဣဇာက်ပင်ဖြစ်သည်။(ကမ္ဘာ ၁၆း၁၅၊ ၂၁း ၂–၃)

၂။ ဣရှမေလအပေါ်မှာ ဘုရားသခင်သည် ပဋိညာဉ် ပြုခဲ့ပါသလား။
မပြုခဲ့ပါ။ ဣဇာက် အပေါ်မှာသာ ဘုရားသခင်ကတိပြုခဲ့သည်။ (ကမ္ဘာ ၁၇း၁၆၊ ၁၉– ၂၁)

၃။ ဣရှမေလ အပေါ်မှာ မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
သူသည် ဣဇာက်အပေါ် ပျက်ရယ်ပြုသောအခါ သူကို သူ၏မခင်နှင့်နှင်ထုတ်ရန် အာဗြဟံထံ ဘုရားသခင်က မိန့်မှာခဲ့သည်။ (ကမ္ဘာ ၂၁း၈–၁၂)

၄။ ဣဇာက်ကြီးလာသောအခါ ဘုရားသခင်သည်အာဗြဟံ၏ယုံကြည်ခြင်းကို မည်သို့စုံစမ်းစစ်ကြောခဲ့သနည်း။
မောရတောင်ပေါ်မှာ တစ်ဦးတည်းသော သားဣဇာက်ကို အာဗြဟံအား ယဇ်ပူဇော်ဖို့ရန် တောင်းဆိုခဲ့သည်။ (ကမ္ဘာ ၂၂း ၂–၄)

၅။ အာဗြဟံသည် နာခံခဲ့ပါသလား။
နာခံခဲ့ပါသည်။ သူသည် ဘုရားသခင်အား သားဣဇာက်ကို သေခြင်းမှ ထမြောက် စေတော်မူမည်ဟု ယုံကြည်ခဲ့သည်။ (ဟေဗြဲ ၁၁း ၁၇ – ၁၉)

၆။ ဣဇာက်သည် မည်သူ့ကို မယားမဖြစ်လက်ထပ်ခဲ့သနည်း။
အဗြဟံ၏ အစေခံကျွန်းအားဖြင့် ဟာရန်ပြည်မှ ခေါ်ဆောင်လာပြီး ဘုရားသခင်ကို ကြောက်ရွံ့ရိုသေသော ရေဗက္ကဖြစ်သည်။ (ကမ္ဘာ ၂၄း ၂–၄၊ ၅၀–၅၁၊ ၆၃–၆၇)

၇။ ဣဇာက်အတွက်မယားကိုရှာဖို့ရန်အဗြဟံသည်သူ့ကျွန်အားအဘယ်ကြောင့်ဟာရန်ပြည်သို့ စေလွှတ်ခဲ့သနည်း။
အကြောင်းမှာ ဣဇာက်မယားအတွက် ခါနန်အမျိုးသမီးကို မရွေးယူနိုင်ရန်ဖြစ်သည်။(ကမ္ဘာ ၂၄း၃)

၈။ ဣဇာက် နှင့် ရေဗက္ကတို့သည် သားသမီးထွန်းကားခဲ့ကြသလား။
ဘုရားသခင်က သူ၏ ဆုတောင်းသံကို နားညောင်းတော်မူသောကြောင့် သားအမွှာသောနှင့် ယာကုပ်ကို ပေးခဲ့သည်။ (ကမ္ဘာ ၂၅း ၂၁ – ၂၆)

၉။ ထိုကလေးနှစ်ဦးထဲမှ မည်သူသည် ကတိတော်နှင့်ဆိုင်သောသားဖြစ်ခဲ့သနည်း။
ဘုရားသခင်ချစ်သောသားငယ် ယာကုပ်ဖြစ်သည်။(ကမ္ဘာ ၂၅း၂၃၊ တမန် ၇း၃၂၊ရော ၉း၁၃)

၁၀။ ဧသောသည် သူ၏ဆိုးသွမ်းသောအကျင့်ကို မည်သို့ထင်ရှားစေခဲ့သနည်း။
သူသည် သားဦးအရာကို ရောင်းပြီး ခါနန်အမျိုးသမီးနှင့် လက်ထပ်ယူ၍ ယာကုပ်ကိုပင် သတ်ရန်ရှာဖွေခဲ့သည်။ (ကမ္ဘာ ၂၅း၂၉–၃၄၊ ၂၆း၃၄၊ ၂၇း၄၁–၄၂)

*အလွတ်ကျက်ရန်။* ။ ဟေဗြဲ ၁၁း၁၁–၁၂

၁၁သူ၏ခင်ပွန်းစာရာသည်လည်း အရွယ်လွန်သောအခါ ပဋိသန္ဓေယူနိုင်သောအခွင့်တန်ခိုးကို ယုံကြည်ခြင်းအားဖြင့်ခံရလေ၏။အကြောင်းမူကား၊ ဂတိထားတော်မူသောသူသည် သစ္စာရှိသည်ဟုစွဲလမ်းခြင်းရှိ၏။ ၁၂သို့ဖြစ်၍ ထိုအမှုအရာ၌ လူသေနှင့်တူသောသူတယောက်သည် အရေအတွက်အားဖြင့်ကောင်းကင်ကြယ်ကဲ့သို့၄င်း၊ သမုဒ္ဒရာကမ်းနား၌မရေတွက်နိုင်သောသဲလုံးကဲ့သို့၄င်း၊ များစွာသောသူတို့၏အဘဖြစ်သတည်း။



# သင်ခန်းစာ (၈)
## ယာကုပ်အကြောင်း

၁။ ဣဇာက်သည် ဧသောကို ကောင်းချီးပေးမည်ဟုယာကုပ်သိသောအခါ မည်သည့်အရာပြုလုပ်ခဲ့သနည်း။
သူ့ဖခင်ကြီးကို လိမ်လည်ခြင်းအားဖြင့် ကောင်းချီးခိုးယူရန် သူ့မိခင်ကြီးက တိုက်တွန်းထားပါသည်။ (ကမ္ဘာ ၂၇း၆ – ၂၇)

၂။ ဧသောသည် ကောင်းချီးခံစားခဲ့ပါသလား။
မခံစားခဲ့ပါ။ယာကုပ်တစ်ဦးတည်းကသာကောင်းချီးကိုရယူခဲ့သည်။(ကမ္ဘာ ၂၇း၃၂–၃၇၊ ဟေဗြဲ ၁၂း၁၆–၁၇)

၃။ ယာကုပ်သည်ဣဇာက်အားကောင်းချီးပေးသည်ကိုသိသောအခါ ဧသောသည်ဘာအမှုကို ပြုလုပ်ခဲ့သနည်း။
ဧသောသည်ယာကုပ်ကိုသတ်ရန်ကြံစည်သဖြင့်သူသည်ဟာရန်ပြည်၌ရှိသောဦးလေးလာဗန်ထံသို့ တိမ်းရှောင်သွားခဲ့သည်။ (ကမ္ဘာ ၂၇း၄၁–၄၃)

၄။ လာဗန်ဆီသို့ သွားသောခရီးတလျှောက် ဗေသလ၌ ယာကုပ်အပေါ် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
ဘုရားသခင်သည် အိပ်မက်ထဲမှာပေါ်လွင်၍ အာဗြဟံနှင့် ဣဇာက်အပေါ် ကတိပေးထားသည့်အတိုင်း သင့်အိပ်သောမြေကို သင်နှင့်သင်၏ အမျိုးအနွယ်အား ငါပေးမည်ဟု ပြောဆိုခဲ့သည်။ (ကမ္ဘာ ၂၈း၁၁–၁၉)

၅။ ယာကုပ်သည် လာဗန်အိမ်တွင် နှစ်ပေါင်းမည်မျှကြာနေထိုင်ခဲ့သနည်း။
အနှစ်နှစ်ဆယ်နေထိုင်ခဲ့ပြီး လေအာနှင့် ရာခေလတို့ကို မယားအဖြစ်သိမ်းယူကာ ကြွယ်ဝချမ်းသာလာခဲ့သည်။ (ကမ္ဘာ ၂၉း၁၆–၂၈၊ ၃၁း၃၆–၄၁)

၆။ ခါနန်ပြည်မှ ယာကုပ်ပြန်လှည့်လာသောအခါ မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
ယာကုပ်သည် ဘုရားသခင်၏ကောင်းကင်တမန်နှင့် ပေနွေလ၌ လုံးပန်းခဲ့သည်။ (ကမ္ဘာ၃၂း၂၄–၂၆)

၇။ နောက်ဆုံးတွင် ပေနွေလ၌ ယာကုပ်သည် ဘာသင်ခန်းစာကို သင်ယူခဲ့သနည်း။
ဘုရားသခင်ထံမှ ကောင်းချီးခံစားရန် သူမျှော်လင့်ပြီး၊ သူ့နာမည်ကိုဣသရေလဟုပြောင်းခေါ်ခဲ့သည်။ (ကမ္ဘာ ၃၂း၂၇–၃၀)

၈။ ဘုရားသခင်သည် ယာကုပ်ကို ကလေး မည်မျှပေးခဲ့သနည်း။
သမီးတစ်ယောက်နှင့် သားတစ်ဆယ့်နှစ်ယောက်ပေးခဲ့ သူတို့သည် ဣသရေလ လူမျိုးတွေ၏ ဖခင်များဖြစ်ကြသည်။ (ကမ္ဘာ ၃၀း၂၁၊ ၃၅း၂၂–၂၆)

၉။ ယာကုပ်မိသားစုအပေါ်မှာ ငြိမ်သက်ခြင်းရှိပါသလား။
မရှိပါ။ သူ၏ ဇနီးသည်များနှင့် ကလေးများကြားမှာ ပြဿနာ၊မာန်မာန ထောက်လှသားမှုတွေဖြစ်ပေါ်ခဲ့သည်။ (ကမ္ဘာ ၃၇း၁–၁၁)

၁၀။ ယာကုပ်အချစ်ဆုံးသောသား ယောသပ်အပေါ်မှာ ညီအစ်ကိုတွေက သူတို့၏ဒေါသကိုမည်သို့ထင်ရှားစေခဲ့ကြသနည်း။
သူတို့သည် သူ့ကိုအီဂျစ်ပြည်သို့ ကျွန်အဖြစ်ရောင်းလိုက်ပြီး သူတို့ဖခင်ထံတောသားရဲ များကကိုက်သတ်ပြီဟု လိမ်ပြောဆိုခဲ့ကြသည်။ (ကမ္ဘာ ၃၇း၂၀–၃၂)

*အလွတ်ကျက်ရန်။* ။ ဟေဗြဲ ၁၁း၁၃–၁၄

၁၃ ယခုဆိုခဲ့ပြီးသောသူအပေါင်းတို့သည် ဂတိတော်နှင့်ဆိုင်သောအကျိုးကျေးဇူးကိုမခံဘဲ၊ အဝေးကမြင်လျက်စိတ်နှလုံးနှင့်ဘက်ယမ်းလျက်၊ မိမိတို့သည် မြေကြီးပေါ်မှာ တစ်ကျွန်းတနိုင်ငံသား၊ဧည့်သည်အာဂန္တုဖြစ်သည်ကို ထင်ရှားစွာဝန်ခံလျက်၊ ယုံကြည်ခြင်းစိတ်နှင့်သေလွန်ကြ၏။ ၁၄ ထိုသို့ဝန်ခံသောသူတို့သည် မိမိတို့အဘပြည်ကိုရှာကြသည်ဟု အတည့်အလင်းပြောဆိုကြ၏။



Copyright © Gratia Dei Sola Media

# သင်ခန်းစာ (၉)
# ဣသရေလလူမျိုးများကျွန်ခံခြင်း

၁။ ဘုရားသခင်သည် ယောသပ်ကိုဂျေစ်ပြည်မှာ ပြုစုစောင့်ထိန်းခဲ့သလား။
ပေါတိဖါအိမ်ထဲမှာရင်း၊အကျဉ်းထောင်ထဲမှာရင်း၊ နောက်ဆုံးအဲဂုတ္တုပြည်အုပ်စိုးစေခြင်းအထိ ကွယ်ကာခဲ့သည်။ (ကမ္ဘာ ၃၉း၁–၆၊ ၂၀–၂၃၊ ၄၁း၃၉–၄၆)
၂။ ယောသပ်နှင့် သူညီအစ်ကိုများ ပြန်သည် တွေ့ဆုံခဲ့ကြပါသလား။
သူညီအစ်ကိုများသည် ခုနှစ်နှစ်အစာခေါင်းပါးခြင်းကာလအတွင်း အဲဂုတ္တုပြည်သို့ အစာဝယ်ခြင်းငှာ လာကြသောအခါ တွေ့ဆုံခဲ့ကြသည်။ (ကမ္ဘာ ၄၂း၁–၈)
၃။ ယောသပ်၏ဖခင်နှင့်သူညီအစ်ကိုများ အကြောင်းကို ဖါရောမင်းကြားသိသောအခါ ဘာဖြစ်ပျက်ခဲ့သနည်း။
သူတို့ကို အဲဂုတ္တုပြည်မှ ခေါ်ဆောင်သွားခဲ့ပြီး ဂေါ့ရှင်အရပ်မှာနေထိုင်ရသောအခွင့်ကို ဝါပေးခဲ့သည်။ (ကမ္ဘာ ၄၅း၉–၁၀၊ ၁၆–၂၈၊ ၄၆း၂၆–၃၀၊ ၄၇း၁–၆)
၄။ ယာကုပ်မသေခင်မှာ ဘာပြုလုပ်ခဲ့သနည်း။
ယောသပ်၏သားနှစ်ယောက်နှင့်သူ၏သားများကိုကောင်းကြီးပေးခဲ့သည်။ (ကမ္ဘာ၄၈း၈–၄၉း၂၈)
၅။ ဣရေလလူမျိုးများနှင့်ပတ်သက်ပြီး ယောသပ်နှင့် ယာကုပ်တို့က မည်သည့်အရာကိုပြောဆိုခဲ့သနည်း။
ဘုရားသခင်ကသူတို့ကို အဲဂုတ္တုပြည်မှ လွတ်မြောက်စေပြီးကာနန်ပြည်ကို ခေါ်ဆောင်လိမ့်မည်ဟု ကြို ပြောခဲ့သည်။ (ကမ္ဘာ ၄၈း ၂၁၊ ၅၀း၂၄–၂၅)
၆။ ဣသရေလလူမျိုးတွေ လွတ်မြောက်မည့်အကြောင်းကိုသမ္မာကျမ်းစာရှိ ဘယ်စာအုပ်တွင် ဖော်ပြခဲ့သနည်း။
ထွက်မြောက်ရာကျမ်းမှာ ဖော်ပြသည်။ အဓိပ္ပါယ်မှာ ‘‘ ထွက်ခွာခြင်း ’’ဖြစ်သည်။
၇။ ယောသပ်သေဆုံးပြီး ဣသရေလ လူမျိုးအပေါ်မှာ ဘာဖြစ်ပျက်ခဲ့သနည်း။
ဖါရောရှင်ဘုရင်အသစ်က သူတို့ကို ဖျက်ဆီးရန် ကြိုးပမ်းလာခဲ့သည်။ (ထွက် ၁း၆–၁၀)
၈။ ဣသရေလ လူမျိုးတွေကို ဘယ်လို ပုန်ကန်ခဲ့သနည်း။
ဣသရေလ လူမျိုးများကို ကျေးကျွန်များအဖြစ်ခိုင်းကာ ယောကျာ်းတိုင်းကို သတ်ဖြတ်ဖို့ရန် အမိန့်ချလိုက်သည်။
(ထွက် ၁း၆–၁၀)
၉။ ပြဿနာများကြားတွင် ဣသရေလ လူမျိုးများသည် မည်သည့်အရာကိုလုပ်ဆောင်ခဲ့ကြသနည်း။
သူတို့သည် လွတ်မြောက်ခြင်းအခွင့်ရရှိရန် ဘုရားသခင်ထံဟစ်ကြွေးခဲ့ကြသည်။ (ထွက် ၂း၂၃–၂၅)
၁၀။ ဘုရားသခင်ကသူ၏လူမျိုးများ ဖိနှိပ်ခံခြင်းဘဝမှ မည်သို့ကာကွယ်ခဲ့သနည်း။
သူတို့သည် နှိပ်စက်ခြင်းခံရသည့်အတိုင်းတိုးပွားများပြားလျက်ရှိကြသည်။(ထွက် ၁း၁၂)
*အလွတ်ကျက်ရန်။* ။(ဟေဗြဲ ၁၁း၁၅–၁၆)
၁၅ ထိုသူတို့သည် အထက်ကထွက်သွားသောပြည်ကို အောက်မေ့သည်မှန်လျှင်၊ ထိုပြည်သို့ပြန်ရသော အခွင့်ရှိကြ၏။ ၁၆ထိုပြည်ကို မအောက်မေ့ဘဲ ကောင်းကင်ပြည်တည်းဟူသော သာ၍မြတ်သောပြည်ကို တောင့်တခြင်းရှိကြ၏။ ထိုကြောင့်ဘုရားသခင်သည် သူတို့၏ဘုရားဟူ၍ ခေါ်ဝေါ်ခြင်းကို ရှက်တော်မမူ။ သူတို့နေစရာဖို့မြို့ကို တည်ထောင်တော်မူပြီ။



# သင်ခန်းစာ (၁၀)
# မောရှေအားဖြင့်ကယ်တင်တော်မူခြင်း

၁။ အဲဂုတ္တုပြည် ကျွန်ခံရာမှာ ဘုရားသခင်က ဣသရေလလူမျိုးများကိုစွန့်ပစ်ခဲ့သလား။
သူ၏ ကျွန်မောရှေကို သူတို့ ကယ်တင်ဖို့ရန် စေလွှတ်လိုက်သည်။ (ထွက် ၃း၄၊ ၄း၉)
၂။ မောရှေသည် ဦးဆောင်ဖို့ရန် မည်သို့ စတင်လာခဲ့သနည်း။
မိဒျန်ပြည်၌ဘုရားသခင်သည်မီးလောင်သောခြုံထဲကသူ့ကို ခေါ်သောအချိန်တွင်စတင်ခဲ့သည်။ (ထွက် ၃း၁–၃)
၃။ မောရှေကို ကူညီဖို့ရန် ဘုရားသခင်သည် မည်သူ့ကို စေလွှတ်ပေးခဲ့သနည်း။
စကားကောင်းမွန်စွာ ပြောတတ်သူ အစ်ကို အာရုန်ကို စေလွှတ်ပေးခဲ့သည်။(ထွက် ၄း၁၀–၁၇)
၄။ မောရှေသည် ဣသရေလလူမျိုးကို ထွက်ခွါဖို့ရန် ပြောဆိုသောအခါ ဖာရောဘုရင်က သဘောတူခဲ့ပါသလား။
သဘောမတူခဲ့ပါ။ ဘုရားသခင်သည် သူ၏ နှလုံးကို ခိုင်မာစေသောကြောင့် ဘုရားသခင်ပြောသောစကား ကိုနာမခံခဲ့ပါ။ (ထွက် ၄း၂၁၊ ၅း၁–၂)
၅။ သူသည် နောက်ဆုံး မည်သည့်အချိန်တွင်ဣသလရေလလူမျိုးများကိုစေလွှတ်ခဲ့သနည်း။
ကပ် ၁၀ပါးကိုအားဖြင့် ဘုရားသခင်၏ဘုန်းတော်ထင်ရှားပြီးနောက်စေလွှတ်ခဲ့သည်။(ထွက်၉း၁၁–၁၄)
၆။ ကပ်ဆိုးဆယ်ခုမှနောက်ဆုံးသောကပ်ဆိုးသည် မည်သည့်အရာဖြစ်သနည်း။
အဲဂုတ္တုပြည်၌ရှိသော သားဦးတို့ကို အားလုံးသေစေ၍ ဣသရေလ လူမျိုးများ၏ သားများကို လွတ်မြောက်စေသောကပ်ဆိုးဖြစ်သည်။ (ထွက် ၁၂း၁၂–၁၃၊ ၂၂–၂၃၊၂၉)
၇။ ဣသရေလလူမျိုးများလွတ်မြောက်ခြင်းကို အောက်မေ့ဘို့ရန် မည်သို့လုပ်ဆောင်ခဲ့သနည်း။
သူတို့သည် ပသခါပွဲကို နှစ်စဉ်ကျင်းပခဲ့ကြသည်။ (ထွက် ၁၂း၁–၁၇၊ ၂၄၊ ၂၇)
၈။ ဘုရားသခင်သည် ဣသရေလလူမျိုးများ ခါနန်ပြည်သို့ နီးသောလမ်းဖြင့် ပို့ဆောင်ပါသလား။
မပို့ဆောင်ပါ။ သူတို့သည် ပင်လယ်နီနှင့် သဲကန္တာရတွေကို ဖြတ်ကျော်စေခဲ့သည်။(ထွက်၁၄း၁၃–၂၁)
၉။ ပင်လယ်နီရောက်သောအခါ မည်သည့်အရာ ဖြစ်ပျက်ခဲ့သနည်း။
ဘုရားသခင်သည် ဣသရေလလူမျိုးများပင်လယ်နီကို ဖြတ်ကျော်စေပြီး ဖါရောဘုရင်၏ စစ်သားများ သည် ရေထဲတွင် နစ်မြုပ်သေစေခဲ့သည်။ (ထွက် ၁၄း၂၂–၃၀)
၁၀။ အဲဂုတ္တုပြည်၌ ဣသရေလလူမျိုးများ နှစ်ပေါင်းမည်မျှကြာနေထိုင်ခဲ့ကြသနည်း။
နှစ်ပေါင်း ၄၀၀ခန့် နေထိုင်ခဲ့သည်။ (ထွက် ၁၂း၄၀–၄၁၊ တမန် ၇း၆)

အလွှတ်ကျက်ရန်။ ။ ဟေဗြဲ ၁၁း၁၇–၁၉
၁၇ အာဗြဟံသည် စုံစမ်းတော်မူခြင်းကိုခံသောအခါ ယုံကြည်ခြင်းအားဖြင့် ဣဇက်ကိုပူဇော်၏။ ဣဇက်၌ သာသင်၏အမျိုးတည်လိမ့်မည်ဟူသော ဗျာဒိတ်တော်မှစ၍ ဂတိတော်များကိုခံရသောသူသည် မိမိ၌တစ် ယောက်တည်းသောထိုသားကိုပူဇော်၏။၁၉ ထိုသို့ပူဇော်သောအခါ သေခြင်းမှထမြောက်စေခြင်းငှါ ဘုရား သခင်တတ်နိုင်တော်မူသည်ကို သူသည် အောက်မေ့၏။ ထိုသား၏ပုံစကားအားဖြင့် သေခြင်းထဲကရ၏။



Copyright © Gratia Dei Sola Media

# သင်ခန်းစာ (၁၁)

# တောကန္တာရတွင် နှစ်ပေါင်းလေးဆယ်နေထိုင်ခြင်း

၁။ သဲကန္တာရတွင် ဘုရားသခင်သည် ဣသရေလလူမျိုးတွေကို မည်သို့ဦးဆောင်ခဲ့သနည်း။
နေ့အချိန်၌ မိုးတိမ်တိုင်အားဖြင့်၎င်း၊ညဉ့်အခါ၌ မီးတိုင်အားဖြင့်လမ်းပြပို့ဆောင်ခဲ့သည်။(ထွက်၁၃း၂၁–၂၂)
၂။ ဘုရားသခင်သည် ဣသရေလလူမျိုးများကို မည်သို့ ကျွေးမွေးခဲ့သနည်း။
ကျောက်ထဲမှ ရေကို ထွက်စေပြီး မိုးကောင်းကင်မှ မာနမုန့်ဖြင့် ကျွေးမွေးခဲ့သည်။ (ထွက် ၁၆း၁၃–၁၅၊ ၁၇း၂–၆)
၃။ သဲကန္တာရတွင် ဣသရေလလူမျိုးများ စိတ်ကျေနပ်မှုကို ရရှိခဲ့ကြပါသလား။
မရရှိကြပါ။ ဘုရားသခင်နှင့် မောရှေကို ပြစ်တင်ကာ ငြီးတွားမြည်တမ်းခဲ့ကြသည်။(ထွက် ၁၆း၁–၃၊ ၁၇း၃၊ တော ၂၀း၁–၅၊ ၂၁း၅)
၄။ ဘုရားသခင်သည် ပထမဦးဆုံးဘယ်နေရာကို ပို့ဆောင်ခဲ့သနည်း။
ပညတ်တော်ဆယ်ပါး၊တဲတော်တည်ဆောက်ခြင်းနှင့်အခြားသောပညတ်တော်များပေးအပ်ခဲ့သော သိနာတောင်ပေါ်သို့ ဘုရားသခင်ပို့ဆောင်ခဲ့သည်။ (ထွက် ၁၉း၂၀၊ ၂၀း၁–၁၇၊ ၂၅–၂၈း၄၃၊ ၂၁–၂၃း၃၃)
၅။ သိနာတောင်ပေါ်မှာ မောရှေနေထိုင်စဉ် ဣသရေလူမျိုးသည် အဘယ်အပြစ်ကို ကျူးလွန်ခဲ့ကြသနည်း။
ဣသရေလလူမျိုးများသည် နွားသူငယ်ရုပ်ကို ပြုလုပ်၍ ဝတ်ပြုကိုးကွယ်ကြသည်။(ထွက်၃၂း၁၉–၂၅)
၆။ ဘုရားသခင်သည် သိနာတောင်ပေါ်မှ ဣသရေလလူမျိုးများကို မည်သည့်နေရာသို့ ပို့ဆောင်သနည်း။
ခါနန်ပြည်ကို စူးစမ်းလေ့လာဖို့ရန် သူလျှိုတစ်ဆယ့်နှစ်ဦးကို စေလွှတ်သောနေရာကာဒေရှသို့ပို့ဆောင်ခဲ့သည်။ (တော ၁၃း၁–၃၀)
၇။ သူလျှိုများသည် ဘာသတင်းကို ယူဆောင်လာကြသနည်း။
ခါနန်ပြည်ကိုဘုရားသခင်ပေးမည်ဟု ယုံကြည်သော ယောရှုနှင့် ကာလက်တို့ကလွဲ၍ အခြားသောသူလျှိုများကသတင်းဆိုးများယူဆောင်ခဲ့ကြသည်။ (တော ၁၃း၃၀–၃၃၊ ၁၄း၆–၉)
၈။ သူတို့သည် မည်သူများယူဆောင်လာသောသတင်းကိုယုံကြည်ခဲ့ကြသနည်း။
ခါနန်မြို့သည် သိမ်းပိုက်နိုင်ရန် မလွယ်ဟုသတင်းဆိုးကိုယုံကြည်ခဲ့ကြသည်။ (ထွက် ၁၄း၁–၄၊ ၁၀)
၉။ သူတို့သည် မယုံကြည်သောကြောင့် ဘာအပြစ်ကို ခံခဲ့ကြသနည်း။
သဲကန္တာရမှာ နှစ်ပေါင်းလေးဆယ်တိုင်ကြာစေပြီး ယေရှုနှင့်ကာလကလွဲ၍ အနှစ်နှစ်ဆယ်အထက် လူများအားလုံးသေကြေကြသည်။ (ထွက် ၁၄း၁၉–၃၉)
၁၀။ ဘုရားသခင်သည် ဣသရေလလူမျိုးများကို မြွေဆိုးဘေးမှမည်သို့ကယ်တင်ခဲ့သနည်း။
မောရှေသည် ကြေးဝါဖြင့်မြွေကိုလုပ်၍တိုင်ပေါ်မှာ ထောင်ထားပြီး ကြည့်သောသူများအားလုံးသည် အသက်ချမ်းသာရကြသည်။ (ထွက် ၂၁း၄–၉)
*အလွတ်ကျက်ရန်* ။ ။ (ဟေဗြဲ ၁၁း၂၀–၂၁)
၂၀ ဣဇာက်သည်လည်း၊ ယုံကြည်ခြင်းအားဖြင့်အနာဂတ်အရာကို အမှတ်ပြု၍ယာကုပ်နှင့်ဧသောကိုကောင်းကြီးပေး၏။၂၁ ယာကုပ်သည်လည်း၊ သေချိန်နီးသောအခါ၊ ယုံကြည်ခြင်းအားဖြင့်ယောသပ်၏သားနှစ်ယောက်ကိုကောင်းကြီးပေး၍ တောင်ဝေးထိပ်အပေါ်မှာကိုးကွယ်လေ၏။



# သင်ခန်းစာ (၁၂)

# ဣသရေလလူမျိုးများခါနန်ပြည်သို့ဝင်ရောက်ခြင်း

၁။ ဣသရေလလူမျိုးများ ခါနန်ပြည်သို့ မည်သူက ဦးဆောင်ခဲ့သနည်း။
မောရှေကိုအစားထိုးရန်ဘုရားသခင်ခန့်ထားသောနုန်၏သားယေရှုကဦးဆောင်ခဲ့သည်။(ယောရှုး၁–၂)
၂။ ပထမဦးဆုံးခါနန်ပြည်၏မည်သည့်ဘက်ကို သိမ်းပိုက်နိုင်ခဲ့ကြသနည်း။
ရုဗင်အမျိုး၊ ဂဒ်အမျိုးနှင့် မနာရှေအမျိုးတစ်ဝက်တို့အား အပိုင်ပေးခဲ့သောယောဒါန်မြစ်၏အရှေ့ဘက်ကမ်းကို သိမ်းပိုက်ခဲ့ကြသည်။ (ယောရှု ၁၂း၁–၆၊ တော ၃၂)
၃။ ယောဒန်မြစ်ကို ဣသရေလလူမျိုးများ မည်သို့ဖြတ်ကျော်ခဲ့သနည်း။
ဘုရားသခင်သည် မြစ်ရေကို ခန်းခြောက်စေပြီး သူတို့ကို ဖြတ်ကျော်စေခဲ့သည်။ (ယောရှု ၃း၅–၁၇)
၄။ ဒါနန်ပြည်ကို ဣသရေလလူမျိုးများက မည်သို့ သိမ်းယူနိုင်ခဲ့သနည်း။
ဘုရားသခင်သည် သူတို့နှင့် အတူပါရှိသောကြောင့် ရန်သူတွေကို အောင်မြင်ခြင်းပေးခဲ့သည်။ (ယောရှု ၁၀း၂၅)
၅။ ဣသရေလလူမျိုးများသည် ခါနန်ပြည်ကို သိမ်းပိုက်ရန် အခက်အခဲတွေ့ရှိပါသလား။
ဣသရေလလူမျိုးများသည် ခါနန်ပြည်ကိုသိမ်းပိုက်ရန်အခက်အခဲရှိပါသည်။၎င်းသည် ရန်သူကိုကြောက်ခြင်း၏ပြစ်ဒဏ်ဖြစ်သည်။ (ယောရှု ၁၀း၂၈–၄၃)
၆။ ဘုရားသခင်သည် အောင်မြင်မှုကို ပေးကြောင်းအချက်နှစ်ချက်ဖြင့် ဖော်ပြပါ။
နေ့ကို ရပ်တန့်စေခြင်းနှင့် ယေရိခေါ်မြို့ရိုးကို ပြိုကျစေခြင်းဖြစ်သည်။ (ယောရှု ၆း၁–၂၁၊ ၁၀း၁၂–၁၄)
၇။ ခါနနိးလူမျိုးများ အကုန်အစင် ပျက်စီးရန် ဣသရေလလူမျိုးများသည် ဘုရားသခင်မိန့်မှာသောစကားများကို နာခံခဲ့ကြသလား။
နာခံခြင်းမရှိခဲ့ကြပေ။ တချို့သောလူတွေကို ထိုအရပ်၌ ကျန်ရစ်ခဲ့ပြီး သူတို့က ဣသရေလလူမျိုးများကို ဒုက္ခပေးခဲ့ကြသည်။ (ယောရှု ၉း၂၄၊ ၁၇း၁၂–၁၃၊ တော ၃၃း၅၁–၅၆၊ တရား ၃း၁၊ ၄း၁–၃)
၈။ နယ်မြေကို မည်သို့ ခွဲဝေပေးခဲ့သနည်း။
လေဝိလူမျိုးတွေမှအပ အခြားသော လူမျိုးတိုင်းကို နယ်မြေခွဲဝေပေးသည်။ (ယောရှု ၁၃း၆၊၁၄)
၉။ ယောရှုသေခါနီးမှာ သူလူမျိုးတွေကို ဘာသတိပေးခဲ့သနည်း။
ဘိုးဘေးကို ဝတ်ပြုကိုးကွယ်သောဘုရားများကိုယ်၍ သစ္စစောင့်ခြင်းနှင့်တကွ ဝတ်ပြု ကြရန် မိန့်မှာခဲ့သည်။ (ယောရှု ၂၄း၁၄–၂၉)
၁၀။ ဣသရေလလူမျိုးတွေ ခါနန်ပြည်သို့ ဘယ်အချိန်တွင် ဝင်စားခဲ့ကြသနည်း။
သက္ကရာဇ် ဘီစီ ၁၄၀၅ ခန့် တွင် ဝင်စားခဲ့ကြသည်။
*အလွတ်ကျက်ရန်*။ ။ (ဟေဗြဲ ၁၁း၂၂ –၂၃)
၂၂ယောသပ်သည်သေဆဲရှိသောအခါ ယုံကြည်ခြင်းအားဖြင့် ဣသရေလအမျိုးသားတို့၏ထွက်မြောက်ခြင်းအရာကိုပြ၍ မိမိအရိုးတို့၏အကြောင်းကိုမှာထားလေ၏။ ၂၃မောရှေကိုဘွားမြင်ပြီးမှ အဆင်းလှသောသူငယ်ဖြစ်သည်ကို မိဘတို့သည်မြင်လျှင် ယုံကြည်ခြင်းအားဖြင့်ရှင်ဘုရင်အမိန့်တော်ကို မကြောက်ဘဲသုံးလပတ်လုံး သူ့ကိုဝှက်ထားလေ၏။



Copyright © Gratia Dei Sola Media

# သင်ခန်းစာ (၁၃)

## တရားသူကြီးများ

၁။ ဣသရေလလူမျိုးများသည်ယောရှုမှာထားသောရုပ်တုမကိုးကွယ်ရဟုသတိပေးချက်ကို အောက်မေ့ကြပါသလား။
ယောရှုအသက်ရှင်သည့်ကာလပတ်လုံးဘုရားကိုကိုးကွယ်ကြပြီးယောရှုသေဆုံးခဲ့ပြီးနောက်ရုပ်တုဆင်းတုကိုသာ ကိုးကွယ်ကြသည်။ (တရား ၂း၈–၁၃)

၂။ ရုပ်တုဆင်းတုကိုးကွယ်ခြင်းကိုမည်သို့ဖြစ်လာခဲ့သနည်း။
ခါနန်ပြည်ရှိ လူရိုင်းများနှင့် ရုပ်တုဆင်းတုကို ဖျက်ဆီးခြင်းမရှိသောကြောင့်ဖြစ်သည်။(တရား ၂း၁–၂)

၃။ ဘုရားသခင်သည် ဣသရေလလူမျိုးများ မနာခံခြင်းကြောင့် မည်သို့အပြစ်ပေးခဲ့သနည်း။
သူတို့ကို ရန်သူ၏ လက်၌အပ်လျက် ဖိနှိပ်ချုပ်ချယ်စေခဲ့သည်။(တရားသူ ၂း၃၊ ၁၄)

၄။ ဣသရေလလူမျိုးများသည် မည်မျှကြာ ပြဿနာနှင့် ရင်ဆိုင်ခဲ့ကြသနည်း။
ဣသရေလလူမျိုးများနောင်တရ၍ ထာဝရဘုရားအော်ဟစ်သည့်အထိရင်ဆိုင်ခဲ့ရသည်။ (တရားသူ ၃း၉)

၅။ ဘုရားသခင်သည် သူ၏လူမျိုးများကို မည်သို့ ကယ်တင်ခဲ့သနည်း။
ဘုရားသခင်သည် "တရားသူကြီးများ"ကို ပေါ်ထွန်းစေ၍ ရန်သူ၏ လက်မှ ကယ်နှုတ်ခဲ့သည်။ (တရားသူ ၂း၁၆–၁၈)

၆။ တရားသူကြီးအုပ်ချုပ်သော ကာလသည် နှစ်ပေါင်းမည်မျှကြာခဲ့သနည်း။
ယောရှုခေါ်မှ ရှောလုခေတ်အထိ နှစ်ပေါင်း (၄၅၀)ကြာခဲ့သည်။ (တမန် ၁၃း၂၀)

၇။ သမ္မာကျမ်းစာထဲတွင် တရားသူကြီးမည်မျှ ဖော်ပြခဲ့သနည်း။
တရားသူကြီး ၁၄ ဦး ဖော်ပြခဲ့သည်။
ဩသံယေလ၊ ဧဂုဒ် ၊ ဟောဒ ၊ ယေလ
ရှံဂါ ၊ ဗာရက် ၊ ဒေဗောရ
ရှံဆုန်၊ ယေဖ ၊ လေဝိ
အိဗ္ဒန် ၊ လေုန် ၊ တောလ ၊ ယာဣရ

၈။ သခင်ခရစ်တော်ဘောင်အထိ ထင်ပေါ်ကျော်ကြားသော သူ၏နာမည်ကိုဖော်ပြပါ။
မောဘအမျိုးသမီးရုသဖြစ်သည်။ သူသည် ခရစ်တော်၏ မိခင်တစ်ဦးအပါအဝင် ဖြစ်သည်။ (ရုသ ၁း၁–၅၊ မဿဲ ၁း၅)

*အလွတ်ကျက်ရန်* ။ ။ ဟေဗြဲ ၁၁း၂၄–၂၆
၂၄မောရှေသည် အသက်အရွယ်ကြီးသောအခါ အပြစ်ရှိသောကာမဂုဏ်ကိုခဏခံစားခြင်းထက်၊ ၂၅ ဘုရားသခင်၏လူတို့နှင့်အတူ ညှဉ်းဆဲခံရခြင်းကိုသာ၍ အလိုရှိသဖြင့်၎င်း၊ အဲဂုတ္တုပြည်၏စည်းစိမ်ထက် ခရစ်တော်ကြောင့်ကဲ့ရဲ့ခြင်းဒုက္ခသည် သာ၍မြတ်သောစည်းစိမ်ဖြစ်သည်ကို စိတ်ထင်သဖြင့်၎င်း၊ ယုံကြည်ခြင်းစိတ်ရှိ၍ ဖါရောဘုရင်သမီး၏သားဟူ၍ ခေါ်ဝေါ်ခြင်းအခွင့်ကို ပယ်၏။ ၂၆ အကြောင်းမူကား၊ နောက်လာလတံ့သောအကျိုးကို ထောက်စာမြော်လင့်လျက်နေ၏။



# သင်ခန်းစာ (၁၄)

## တရားသူကြီးများ (အဆက်)

၁။ တရားစီရင်ဖို့ရန် ဂိဒေါင်သည် တရားသူကြီးအဖြစ် မည်သည့်အရာကို ပြုလုပ်ခဲ့သနည်း။
လူသုံးရာကို ရွေးချယ်၍ မိဒျန်လူမျိုးတို့အား အနိုင်ယူခဲ့သည်။ (တရားသူ ၇း၇–၉၊ ၁၂၊ ၁၆–၂၅)

၂။ ယေဖသသည် မည်သူဖြစ်ကြောင်း ထင်ရှားခဲ့သနည်း။
ယေဖသသည် သူ၏ယုံကြည်ခြင်းဖြင့်မောဘအမျိုးသားတို့ကိုအောင်မြင်ခဲ့သည်။ (တရားသူ၁၁း၃၀–၃၃)

၃။ ဖိလိတ္တိလူမျိုးတို့နှင့်စစ်ပွဲတွင် မည်သူသည် အထင်ရှားဆုံးသောသူဖြစ်သနည်း။
နာဇရိလူမျိုးမှဘွားမြင်သောရှံဆုန်၊သူသည်အမြဲတမ်းသစ္စာမရှိခဲ့ပေ။(တရားသူ၁၃း၁–၅၊၁၄း၁–၄၊ ၁၆း၃၀)

၄။ ရှံဆုန်၏ လုပ်ရှားမှု တချို့ကို ဖော်ပြပါ။
သူသည် ဂါဇမြို့ရိုးတံခါးကို သယ်ဆောင်နိုင်ခဲ့သည်။ မြည်းမေးရိုးဖြင့် ဖိလိတ္တိလူအယောက်တစ် ထောင်ကို သတ်ဖြတ်ခဲ့သည်။ ဖိလိတ္တိဗိမာန်တော်ကိုတွန်းချခြင်းဖြင့်လူထောင်ပေါင်းများစွာသတ်ဖြတ်ခဲ့သည်။ (တရားသူ ၁၅း၁၃–၂၀၊ ၁၆း၁–၃၊၂၃–၃၀)

၅။ ဤအချိန်တွင်ဣသရေလလူမျိုးများသည် ဘုရားသခင်ထံမှ ထွက်ခွါကြောင်းမည်သို့ထင်ရှားစေခဲ့သနည်း။
ဒန်လူမျိုးများခိုးယူခဲ့သော မိက္ခာ၏ ရုပ်တုနှင့်မှားသောယဇ်ပုရောဟိတ်များကို ကိုးကွယ်ခဲ့ကြသည်။ (တရားသူ ၁၇း၅– ၁၈း၃၁)

၆။ နောက်ဆုံးသော တရားသူကြီးသည် မည်သူနည်း။
"ထာဝရဘုရားထံ၌ ဆုတောင်းခြင်း"ဟုအဓိပ္ပါယ်ရသေသူ၊ပရောဖက်တစ်ပါးလည်းဖြစ်သောသူ ရှာမွေလ ဖြစ်သည်။ (၁ဓမ္မ ၁း၂၀၊ ၃း၂၀)

၇။ ရှမွေလခေတ်တွင် သူတို့သည် နောင်တရကြသောအခါ ဘုရားသခင်က မည်သို့ကယ်တင်ခဲ့သနည်း။
ဖိလိတ္တိလူတို့အပေါ်မှာ ပြင်းစွာ မိုးချုန်းသဖြင့် သူတို့သည် ထွက်ပြေးခဲ့ကြသည်။ (၁ဓမ္မ ၇း၉–၁၃)

၈။ ရှမွေလအသက်ကြီးလာသောအခါ ဣသရေလလူမျိုးများက မည်သည့်မကောင်းသောအရာ ကိုတောင်းဆိုခဲ့ကြသနည်း။
သူတို့သည် တစ်ပါးအမျိုးသားများကဲ့သို့ အုပ်စိုးသော ရှင်ဘုရင်ကို လိုချင်ကြသည်။ (၁ဓမ္မ ၈း၄–၂၁)

၉။ ရှင်ဘုရင်တောင်းဆိုခဲ့သောအရာကို ဘုရားသခင်သည် ရှာမွေလထံ မည်သည့်အရာပြောဆိုခဲ့သနည်း။
ဣသရေလလူမျိုးတွေက သင့်ကို သာမပယ်၊ ငါ့ကိုလည်း ပယ်ကြပြီးဟုဆိုသည်။ (၁ဓမ္မ ၈း၇)

၁၀။ ဣသရေလလူမျိုးများအား ဘုရားသခင်သည် ရှင်ဘုရင်တစ်ပါးပေးအပ်ခဲ့သလား။
ဘုရားသခင်ကလည်း ရှာမွေလကို သူတို့လိုချင်သည့်အတိုင်းပေးရန် ပြောခဲ့သည်။ (၁ဓမ္မ၈း၂၂–၉း၂၊၂၇–၁၀း၁)

*အလွတ်ကျက်ရန်*။ ။ (ဟေဗြဲ ၁၁း၂၇–၂၉)
၂၇ယုံကြည်ခြင်းအားဖြင့်ရှင်ဘုရင်အမျက်ကိုမကြောက်ဘဲ အဲဂုတ္တုပြည်ကိုစွန့်သွား၏။ အကြောင်းမူကား၊ မျက်မြင်မရသောဘုရားသခင်ကို မြင်ရဘိသကဲ့သို့တည်ကြည်ခြင်းရှိကြ၏။ ၂၈ သားဦးများကိုဖျက်ဆီးသောသူသည် ဣသရေလလူတို့ကို ဒဏ်မခတ်စေခြင်းငှါ ယုံကြည်ခြင်းအားဖြင့်ပသခါပွဲကို၎င်း၊ အသွေးဖြန်းဆွတ်ခြင်းကို၎င်းစောင့်လေ၏။ ၂၉ ဣသရေလလူတို့သည် ကုန်းကြောင်းသွားသကဲ့သို့ ယုံကြည်ခြင်းအားဖြင့်ဒိုပင်လယ်အလယ်၌ ရှောက်သွားရကြ၏။ ထိုသူတို့နည်းတူ၊ အဲဂုတ္တုလူတို့သည် သွားမည်အားထုတ်သောအခါ နစ်မြုပ်ကြ၏။



Copyright © Gratia Dei Sola Media

# သင်ခန်းစာ (၁၅)

## ရှောလုရှင်ဘုရင်

၁။ ဘုရားသခင်သည် ဣသရေလ လူမျိုးတွေ ပထမဦးဆုံးပေးခဲ့သော ဘုရင်မှာ မည်သူနည်း။
ကိရှ၏ သား၊ ဗင်္ယာမိန်မျိုးနွယ်မှ ဆင်းသက်လာသူ ရှောလု ဖြစ်သည်။ (၁ဓမ္မ ၉း၁–၂၊ ၂၇၊ ၁၀း၁)

၂။ ရှောလုသည် ဘယ်အချိန်တွင် နန်းတက်ခဲ့သနည်း။
ဘီစီ ၁၀၄၃ ခုနှစ်ခန့်တွင်နန်းတက်ခဲ့သည်။

၃။ ရှောလုသည် ဘုရားသခင်ကို ကြောက်ရွံ့ရိုသေသူဖြစ်ခဲ့ပါသလား။
ဘုရားသခင်ပေးသော ပညတ်တော်များကို ချိုးဖောက်ခဲ့သူဖြစ်သည်။ (၁ဓမ္မ ၁၅း၁၀–၁၁)

၄။ ဖိလိတ္တိလူမျိုးများနှင့် စစ်မတိုင်ခင်မှာ ရှောလုသည် နာခံမှုမရှိကြောင်းကို မည်သို့ပြသခဲ့သနည်း။
ရှာမွေလ ချိန်းချက်သောအချိန်ထိမစောင့်ပဲ မီးရှို့ရာ ယဇ်ပူဇော်ခြင်းအမှုကို ပြုလုပ်ခဲ့သည်။(၁ဓမ္မ ၁၃း၇–၁၄)

၅။ ရှောလုသည် အမာလက်လူတို့ကို စစ်တိုက်သောအခါ ဒုတိယအကြိမ်သူပြုသောအပြစ်သည်အဘယ်နည်း။
ဘုရားသခင်မိန့်တော်မူသောစကားကို နားမခံပဲ အာဂတ်မင်းနှင့်တကွ သိုး၊နွား၊ သိုးသူငယ်၊ ကောင်းသော ဥစ္စာရှိသမျှတို့ကို မဖျက်ဆီးပဲနေခဲ့သည်။ (၁ဓမ္မ ၁၅း၂–၁၁)

၆။ ရှောလုသည် ဒုတိယအကြိမ်အပြစ်ပြုပြီးနောက်ရှာမွေလက မည်သို့ပြောခဲ့သနည်း။
ဘုရားသခင်သည် သင့်ကိုပယ်တော်မူပြီး သင်၏ နိုင်ငံကို သင်၏ အိမ်နီးချင်းအား ပေးတော်မူပြီဟု ဆိုသည်။ (၁ဓမ္မ ၁၅း၁၆–၃၀).

၇။ ရှောလုနေရာတွင် ရှင်ဘုရင်အဖြစ် မည်သူ့ကို ဘိသိက်ခြင်းခံခဲ့သနည်း။
ယုဒလူမျိုး၊ ယေရှဲ၏ သား၊ဘုရားသခင်၏ စိတ်နှစ်သက်တော်မူသောသူ ဒါဝိဒ်ကို ဘိသိက်ခဲ့သည်။ (၁ဓမ္မ ၁၃း၁၄၊ ၁၆း၁၁–၁၃၊ တမန် ၁၃း၂၂)

၈။ ဒါဝိဒ်သည် ချက်ချင်း ရှင်ဘုရင်ဖြစ်လာခဲ့ပါသလား။
သူသည် ရှောလုသေသည့်အထိ စောင့်စိုင်းပြီးမှ ဘုရားသခင်သည် ရှင်ဘုရင်အဖြစ် ခန့်ထားခဲ့သည်။ (၂ဓမ္မ ၂း၁–၅)

၉။ ရှောလုသည် ဒါဝိဒ်ကို ချစ်ခဲ့ပါသလား။
မချစ်ခဲ့ပါ။ ဒါဝိဒ်သည် သူ့အပေါ် ဘာမျှမပြုသော်လည်း ရှောလုသည်အချိန်ပေါင်းများစွာ ဒါဝိဒ်ကို သတ်ဖြတ်ရန် ကြိုးစားခဲ့သည်။ (၁ဓမ္မ ၂၀း၃၀–၃၃၊ ၂၃း၆–၈၊ ၂၄း၁–၆)

၁၀။ ရှောလုသည် မည်သို့သေဆုံးခဲ့သနည်း။
သူသည် နှစ် ၄၀တိုင် ရှင်ဘုရင်လုပ်ခဲ့ပြီး ဖိလိတ္တိရန်သူ လက်ထဲမှာ သတ်ဖြတ်ခြင်း ခံခဲ့ရသည်။ (၁ဓမ္မ ၃၁း၁–၆)

*အလွတ်ကျက်ရန်* ။ ။ (ဟေဗြဲ ၁၁း၃၀–၃၁)

၃၀ ယေရိခေါ်မြို့ကို ခုနစ်ရက်ပတ်လုံးဝိုင်း၍လှည့်ပြီးမှ ယုံကြည်ခြင်းအားဖြင့်မြို့ရိုးသည် ပြိုလဲ၏။ ပြည်တန်ဆာရာခပ်သည် သူလျှိုတို့ကို အဆွေဖွဲ့၍လက်ခံသောကြောင့်၊ မယုံကြည်သောသူတို့နှင့်အတူ မပျက်စီးဘဲ ယုံကြည်ခြင်းအားဖြင့်ချမ်းသာရ၏။



# သင်ခန်းစာ (၁၆)

## ဒါဝိဒ်ရှင်ဘုရင်

၁။ ဒါဝိဒ်ရှင်ဘုရင်သည် နှစ်ပေါင်းမည်မျှကြာအုပ်ချုပ်ခဲ့သနည်း။
ယုဒနိုင်ငံကို ၇ နှစ်၊ ဣသရေလနိုင်ငံတစ်ခုလုံးကို နှစ်ပေါင်း ၃၃ နှစ် အုပ်ချုပ်ခဲ့သည်။

၂။ ဘုရားသခင်သည် ဒါဝိဒ်ကို ရှင်ဘုရင်အဖြစ်ကောင်းချီးပေးကြောင်း ရှင်းပြပါ။
ဥဖရက်မြစ်မှ အဲဂုတ္တုပြည်အတွင်းရှိနယ်မြေများကို ဒါဝိဒ်၏စစ်အောင်ခြင်းအားဖြင့် ဘုရားသခင်သည် ဣသရေလလူမျိုး များကို အမွေပေးခဲ့သည်။ (၂ဓမ္မ ၈း၁–၁၄၊ ၅ရာ ၁၃း၅–၆)

၃။ ဒါဝိဒ်ရှင်ဘုရင်သည် ဝမ်းမြောက်စွာ ယေရုရှလင်မြို့သို့ မည်သည့်အရာသယ်ဆောင်လာခဲ့သနည်း။
ဘုရားသခင်၏ သေတ္တာတော်သည် လေဝိလက်ထက်တွင်အဘိနဒပ်အိမ်ထဲတွင်ရှိသောကြောင့် ၎င်းကို အဘိနဒပ်အိမ်မှ ထုတ်၍ ယူဆောင်လာခဲ့ကြသည်။ (၂ဓမ္မ ၆း၁–၁၇)

၄။ ဒါဝိဒ်သည် ယေရုရှလင်သို့ သေတ္တာတော်သယ်ဆောင်လာခြင်းကို ကျေနပ်ခဲ့ပါသလား။
မကျေနပ်ခဲ့ပါ။ သူသည် ယေရုရှလင်မြို့သို့ ဘုရားသခင်၏ ဗိမာန်တော်ကြီး တည်ဆောက်ဖို့ရန် စိတ်ဆန္ဒပြင်းထန်ခဲ့သည်။(၂ဓမ္မ ၇း၁–၅၊ ၃ရာ ၈း၁၇)

၅။ ဘုရားသခင်သည် ဤအကြောင်းဒါဝိဒ်ထံသို့ မည်သို့ပြောပြခဲ့သနည်း။
ဘုရားသခင်သည် ပရောဖက်နာသန်ကို ဒါဝိဒ်ဆီကို စေလွှတ်ပြီးမှ သူ့သားအားဖြင့် သာ ဗိမာန်တော်ကြီး တည်ဆောက်ရမည်ဟု ပြောဆိုခဲ့သည်။ (၂ဓမ္မ ၇း၁၁–၁၇၊ ၃ဓမ္မ ၈း၁၈–၁၉)

၆။ ဒါဝိဒ်အပေါ်မှာ ဘုရားသခင်သည် မည်သည့်ဂတိတွေပြုခဲ့သနည်း။
ဘုရားသခင်သည် ဒါဝိဒ်မင်းကြီးကို သင်၏ နိုင်ငံတော်သည် အစဉ်တည်မြဲလိမ့်ဟု ကတိပေးခဲ့သည်။ (၂ဓမ္မ ၇း၁၆)

၇။ ထိုဂတိတော်သည် မည်သူ့ကိုရည်ညွှန်းလိုသနည်း။
ယေရှုခရစ်တော်၏ထာဝစဉ်တည်မြဲသောနိုင်ငံတော်ကိုရည်ညွှန်းသည်။ (မဿဲ ၁း၁၊ ၂၂း၄၁–၄၆၊ လု ၁း၃၃၊ ယေရှာ ၉း၆–၇၊ ၂ပေ ၁း၁၁၊ ဗျာ ၁၁း၁၅)

၈။ ဒါဝိဒ်သည် ခရစ်တော်၏အကြောင်းကို ကြိုဟောကိန်းထုတ်ခဲ့ပါသလား။
သူသည် များစွာသောဆာလံသီချင်းကိုစပ်ဆိုခြင်းအားဖြင့် ကြိုတင်ဖော်ပြထားပါသည်။ (ဆာ ၂၊ ၂၂၊ ၄၅၊ ၇၂၊ ၁၁၀)

၉။ ဒါဝိဒ်မင်းကြီး ကျူးလွန်ခဲ့သော အပြစ်ကိုဖော်ပြပါ။
ဥရိယ၏ဇနီး ဗာသရှေဘကို အပြစ်ကျူးလွန်ပြီး သူ့ခင်ပွန်းကိုပါ သတ်ဖြတ်ခဲ့သည်။ (၂ဓမ္မ၁၁း၂–၁၇)

၁၀။ ဒါဝိဒ်နန်းတက်ချိန်အတောအတွင်း ကြီးမားသော ဝမ်းနည်းမှုကို မည်သူကဖန်တီးခဲ့သနည်း။
သူကို ဆန့်ကျင်၍သေဆုံးသော သူ၏သားအဗရှလုံဖြစ်သည်။ (၂ဓမ္မ ၁၅း၁–၁၇၊၁၈း၉–၁၇၊၃၂–၃၃)

*အလွတ်ကျက်ရန်*။ ။ (ဟေဗြဲ ၁၁း၃၂–၃၃)

၃၂ ထိုမှတပါးအဘယ်သို့ပြောစရာရှိသေးသနည်း။ဂိဒေါင်၊ဗာရက်၊ရှံဆုံ၊ယေဖသ၊ဒါဝိဒ်၊ရှမွေလမှစ၍ပရောဖက်တို့အကြောင်းကိုပြော၍မကုန်နိုင်။ ၃၃ထိုသူတို့သည် ယုံကြည်ခြင်းအားဖြင့် အခြားသောတိုင်းနိုင်ငံကိုအောင်ခြင်း၊ တရားသဖြင့်စီရင်ခြင်း၊ ဂတိတော်ကိုဝင်စားခြင်း၊ ခြင်္သေ့နှုတ်ကိုပိတ်ခြင်း၊ အမှုများပြုကြသည်။



Copyright © Gratia Dei Sola Media

# သင်ခန်းစာ (၁၇)

# ရှောလမုန်ရှင်ဘုရင်

၁။ ဒါဝိဒ်မင်းကြီးသေဆုံးပြီး မည်သူသည်ဘုရင်ဖြစ်လာခဲ့သနည်း။
ရှောလမုန်ရှင်ဘုရင်ဖြစ်လာပြီး ဘီစီ ၉၇၁ခုနှစ်မှ စတင်အုပ်ချုပ်ခဲ့သည်။(၃ဓမ္မ၁း၃၂–၃၅၊၃၈–၄၀၊၂း၁–၄၊၁၁–၁၂)

၂။ ရှောလမုန်ရှင်ဘုရင်သည် ဘုရားသခင်ကို ကြောက်ရွံ့ရိုသေသူဖြစ်ခဲ့ပါသလား။
သူသည် ဘုရားသခင်ကိုချစ်ကာ ဒါဝိဒ်မင်းကြီး၏မိန့်မှာသည့်လမ်းအတိုင်းအသက်ရှင်ခဲ့သည်။ (၃ဓမ္မ ၂း၂၃–၂၄၊ ၃း၃၊ ၈း၂၂–၅၄)

၃။ သူသည် ဘုရားသခင်ထံ မည်သည့်ဆုကို တောင်းလျှောက်ခဲ့သနည်း။
သူသည် အိမ်မက်ရူပါရုံမှာ ဘုရားသခင် ဖွင့်ပြလျက် သူ၏ လူမျိုးများနှင့် သူ၏ နိုင်ငံတော်အုပ်ချုပ်နိုင်သော ဉာဏ်ပညာကို တောင်းဆိုခဲ့သည်။ (၃ဓမ္မ ၃း၅–၁၀)

၄။ ဘုရားသခင်သည် ရှောလမုန်ကို ဘာတွေချပေးခဲ့သနည်း။
ဉာဏ်ပညာနှင့် စည်းစိမ်ဥစ္စာ၊ ဂုဏ်သရေများကို ချပေးခဲ့သည်။(၃ဓမ္မ ၃း၁၁–၁၄၊ ၄း၂၉–၃၁)

၅။ ရှောလမုန်မင်းကြီးထံ မည်သူတွေလာခဲ့သနည်း။
ရှောလမုန်၏ ဂုဏ်သတင်းကို ကြားသိသောအခါ ရှေဘာအမိဖုရားသည်ခရီးကြိုပြုခဲ့သည်။ (၃ဓမ္မ ၁၀း၁–၉)

၆။ ဘုရားသခင်ပေးသောရှောလမုန်၏ပညာများကို ဘယ်ကျမ်းစာထဲတွင်တွေ့ရှိနိုင်သနည်း။
သုတ္တံကျမ်း၊ ဒေသနာကျမ်းနှင့် ရှောလမုန်သီချင်းစာအုပ်တွေမှာ တွေ့ရှိနိုင်သည်။

၇။ ဒါဝိဒ်မင်းကြီးကဲ့သို့ ရှောလမုန်သည် ရန်သူကို တိုက်ခိုက်ခဲ့ပါသလား။
မတိုက်ခိုက်ခဲ့ပါ။ သူ၏ အုပ်ချုပ်ချိန်မှာ နိုင်ငံတော်ငြိမ်းချမ်း၍စည်းစိမ်ကြွယ်ဝသည်။(၃ရာ ၄း၂၁–၂၅)

၈။ ဘုရားသခင်သည် ဒါဝိဒ်ကို မိန့်တော်မူထားသည့်အတိုင်း ရှောလမုန်သည် ဗိမာန်တော်ကြီးကို တည်ဆောက်ခဲ့ပါသလား။
ရှောလမုန်မင်းကြီးသည်ယေရုရှလင်မြို့သို့ အလွန်လှပသော ဗိမာန်တော်ကြီးကို တည်ဆောက်နိုင်ခဲ့သည်။ (၃ဓမ္မ ၆း၁–၁၀)

၉။ ရှောလမုန်မင်းကြီး၏ စိတ်နှလုံးကို ဘုရားသခင်ထံမှမည်သူတွေကထွက်သွားစေခဲ့သနည်း။
ရုပ်တုဘုရားများကို တည်ပေးရန်တောင်းဆိုသော မိန်းမဆိုးများက ထွက်သွားစေခဲ့သည်။ (၃ဓမ္မ ၁၁း၁–၈)

၁၀။ ရှောလမုန်အပြစ်တွေကြောင့် ဘုရားသခင်က သူထံ မည်သည့်အရာကိုပြောဆိုခဲ့သနည်း။
ယုဒနှင့် ဗယ်မိန်မျိုးနွယ်ကလွဲ၍ ဒါဝိဒ်၏အိမ်တော်ကို ရုပ်သိမ်းကာ တစ်ပါးအမျိုးသားလက်သို့ပေးအပ်ခဲ့သည်။ (၃ဓမ္မ ၁၁း၉–၁၃၊ ၁၂း၂၁၊ ၂၃)

*အလွတ်ကျက်ရန်*။ ။ (ဟေဗြဲ ၁၁း၃၄–၃၅)
၃၄ မီးအရှိန်ကိုငြိမ်းစေခြင်း၊ ထားလက်နက်ဘေးနှင့်ကင်းလွတ်ခြင်း၊ အနာမှလမြောက်၍ကျန်းမာခြင်း၊ စစ်တိုက်သောအခါခွန်အားနှင့်ပြည့်စုံခြင်း၊ တပါးအမျိုးသားတို့၏တပ်များကိုဖျက်ဆီးခြင်း၊ အမှုများပြုကြ၏။ ၃၅ မိန်းမများသည်လည်း၊ သေခြင်းမှထမြောက်သောမိမိတို့သားကို ရပြန်ကြ၏။ အချို့သောသူတို့သည် သာ၍မြတ်သောထမြောက်ခြင်းသို့ရောက်လိုသော၍၊ လွတ်ခြင်းကိုမခံမယူဘဲပြင်းစွာသောညှဉ်းဆဲခြင်းကိုခံယူကြ၏။



# သင်ခန်းစာ (၁၈)

# နိုင်ငံတော်ပြိုကွဲခြင်း

၁။ ရှောလမုန်သေဆုံးပြီး နိုင်ငံတော်ကို မည်သို့ ပြိုကွဲခဲ့သနည်း။
ဒါဝဒ်အိမ်တော်မှများစွာသော လူမျိုးနွယ်များ ထွက်ခွာကြပြီး ယေရောဗောင်နောက်သို့ လိုက်ကြသည် (၃ဓမ္မ ၁၂း၁၂–၂၀)

၂။ ရှောလမုန်၏သား ရောဗောင်နှင့်အတူ မည်သည့်မျိုးနွယ်စု ကျန်ရစ်ခဲ့သနည်း။
ယုဒရှင်ဘုရင်နှင့် ယုဒအမျိုး၊ ဗယ်ာမိန်အမျိုးသားများ ကြွင်းကျန်ခဲ့သည်။ (၃ဓမ္မ ၁၂း၂၁–၂၃)

၃။ လူမျိုးနွယ်စု ဆယ် စု နေထိုင်သော နိုင်ငံကို မည်သို့ မှည့်ခေါ်သနည်း။
ဣသရေလနိုင်ငံဟုခေါ်သည်။၎င်း၏မြို့တော်သည် ရှာမရိမြို့ဖြစ်သည်။ (၃ဓမ္မ ၁၂း၁၉–၂၀၊၁၆း၂၀–၂၉)

၄။ လူမျိုး ၁၀ မျိုးတွေအားလုံးသည် ခွဲခွါကြခြင်းသည် မှန်ကန်မှုရှိသလား။
ဒါဝိဒ်၏အိမ်တော်နှင့်ဘုရားသခင်၏ဗိမာန်တော်ကို စွန့်ခွါခြင်းဖြစ်သောကြောင့် လူမျိုးခွဲခွါခြင်းသည်မှန်ကန်မှုမရှိပါ။ (၃ဓမ္မ ၁၂း၁၆၊ ၁၉၊၂၅–၂၉)

၅။ လူမျိုးနွယ် ၁၀ ခုကို ရောဗောင်သည် ပြန်ခေါ်ချင်ခဲ့သလား။
ရောဗောင်သည် သူတို့ကို တိုက်ခိုက်လိုသော်လည်း ဘုရားသခင်သည် သူ့ကို တားမြစ်ခဲ့သည်။ (၃ဓမ္မ ၁၂း၂၁–၂၄)

၆။ ရောဗောင်စစ်တိုက်ဖို့ရန် အဘယ်ကြောင့် ဘုရားသခင်ကခွင့်မပြုခဲ့သနည်း။
ရှောင်လမုန်၏ အပြစ်ကြောင့် ဣသရေလလူမျိုးများခွဲကွာခြင်းအားဖြင့် အပြစ်ပေးလိုသောကြောင့်ဖြစ်သည်။ (၃ဓမ္မ ၁၁း၉–၁၃၊ ၁၂း၂၄(က))

၇။ ဘုရားသခင်သည် မျိုးနွယ် ၁၀ စု ၏ နိုင်ငံတော်တစ်ခုလုံးကို စွန့်ပစ်ခဲ့ပါသလား။
မစွန့်ပစ်ခဲ့ပါ။ ဘုရားသခင်သည်ပရောဖက်များကိုစေလွှတ်၍သူတို့၏အပြစ်များကို ဖော်ပြကာ သူတို့ကိုခွန်အားပေးစေခဲ့သည်။ (၃ဓမ္မ ၁၃း၁–၃၊ ၁၆း၁–၇)

၈။ ယုဒလူမျိုးများသည် ဣသရေလလူမျိုးများနှင့်မည်သို့ ကွာဟမှုရှိသနည်း။
ဘုရားသခင်သည် ဒါဝိဒ်အပေါ်ပေးခဲ့သောဂတိကို စောင့်ထိန်းသည့်အတိုင်း သူတို့သည်ဘုရားသခင်၏ ရွေးကောက်သောသူများအဖြစ်ဆက်လက်တည်ရှိခဲ့ကြသည်။ (၃ဓမ္မ ၁၅း၉–၁၅၊ ၄ဓမ္မ၈း၁၆–၁၉၊၂၂)

၉။ ဣသရေလလူမျိုးတွေ မည်သို့ဖြစ်သွားခဲ့ကြသနည်း။
သူတို့သည် ဘုရားသခင်နှင့် ဝေးကွာခဲ့ကြပြီးနှစ်ပေါင်း ၂၅၀ ကြာသောအခါ အာရှုရိလက်အောက်မှာ ကျွန်ခံစေခဲ့သည်။ (၃ဓမ္မ ၁၅း၂၉၊ ၁၇း၅–၆၊ ၅ရာ ၅း၂၆, တမန် ၂း၅–၁၁)

၁၀။ ယုဒလူမျိုးတွေ မည်သို့ဖြစ်သွားခဲ့ကြသနည်း။
သူတို့သည်ဘုရားသခင်နှင့်ဝေးကွာခဲ့ကြပြီးနှစ်ပေါင်း၄၀၀ ကြာသောအခါ ဗာဗုလုန်လူမျိုးများလက်အောက်မှာကျွန်ခံခဲ့ကြသည်။ (၃ဓမ္မ ၂၅း၂၀–၂၁)

*အလွတ်ကျက်ရန်* ။ ။ (ဟေဗြဲ ၁၁း၃၆–၃၇)
၃၆ အချို့သောသူတို့သည် ကဲ့ရဲ့ရိုက်ပုတ်ခြင်း၊ ချည်နှောင်ခြင်းကိုခံ၍ထောင်ထဲမှာနေရသဖြင့်စုံစမ်းခြင်းကိုခံရကြ၏။ ၃၇ ကျောက်ခဲနှင့်ပစ်ခြင်း၊ လွှနှင့်အပိုင်းပိုင်းကိုက်ဖြတ်ခြင်း၊ စုံစမ်းနှောင့်ရှက်ခြင်း၊ ထားလက်နက်နှင့်ကွက်မျက်ခြင်းကိုခံရကြ၏။ အလွန်ဆင်းရဲလျက်ညှဉ်းပန်းနှိပ်စက်ခြင်းကိုခံလျက်၊သိုးရေ၊ဆိတ်ရေကိုဝတ်၍လှည့်လည်ရကြ၏။



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၁၉)

# ဣသရေလနိုင်ငံ-ယေရောဗောင်မှအာဟပ်အထိ

၁။ ဣသရေလလူမျိုးများ၏သမိုင်းတွင် ဘယ်တော့မှပစ်ပယ်၍မရသောအပြစ်သည်အဘယ်နည်း။
"နေဗတ်၏သားယေရောဗောင်၏အပြစ်" ရွှေနွားရုပ်ဘုရားကို ပြုလုပ်၍ဘုရားအဖြစ်ကိုးကွယ်ခြင်းဖြစ်သည်။(၁ဓမ္မ ၁၂း၂၆–၃၀၊ ၄ဓမ္မ ၃း၁–၃၊ ၁၀း၂၈–၃၁)

၂။ ဣသရေလရှင်ဘုရင်များသည် ဘုရင်သခင်ကို ယုံကြည်ခဲ့ကြပါသလား။
မယုံကြည်ပါ။ ယေရောဗောင်အပါအဝင်သူတို့အားလုံးသည် ဆိုးဝါးသော အပြစ်ကို ပြုလုပ်ခဲ့ကြသည်။
(၃ ဓမ္မ ၁၅း၂၅–၂၆၊ ၃၃–၃၄၊ ၁၆း၇၊ ၂၅)

၃။ ဣသရေလအရှင်များအားလုံးသည် ယေရောဗောင်မျိုးနွယ်မှ ဆင်းသက်လာသူများဖြစ်ခဲ့ကြပါသလား။
မဟုတ်ပါ။ ဘုရားသခင်သည် နိုင်ငံတော်အုပ်ချုပ်ဖို့ရန် တခြားသော ဘုရင်တစ်ပါးကို ထပ်မံပေးလိုက်သည်။

၄။ ဆဌမအကြိမ်မြောက် ဩမာရိဘုရင်သည် ကျမ်းစာထဲတွင် မည်သို့ဖော်ပြခဲ့သနည်း။
သူသည်အခြားသူတွေထက်သာ၍ ဒုစရိုက်အပြစ်ကို ပြုသည်။ (၃ဓမ္မ ၁၆း၂၅–၂၆)

၅။ ဩမာရိဘုရင်သေဆုံးပြီး မည်သူသည် ရှင်ဘုရင်ဖြစ်လာခဲ့သနည်း။
အခြားသူတွေထက်သာ၍ ဒုစရိုက်အပြစ်ပြုလုပ်သူ အာဟပ်ဘုရင်ဖြစ်သည်။ (၃ဓမ္မ ၁၆း၂၉–၃၀)

၆။ အာဟပ်ဘုရင်သည် ဘာအပြစ်ကို ပြုခဲ့သနည်း။
ယေဇဗေလနှင့် စုံဖက်၍ ဗာလဘုရားကို ဝတ်ပြုကိုးကွယ်သည်။ (၃ဓမ္မ ၁၆း၃၁–၃၃)

၇။ အာဟပ်ဘုရင်နှင့် ယေဇဗေလတို့သည် မည်သည့်အရာကို ပြုလုပ်ကြခဲ့သနည်း။
သူတို့သည် ဘုရားသခင်၏ ပရောဖက်တွေကို သတ်ဖြတ်ခဲ့ကြသည်။ (၃ဓမ္မ ၁၈း၃–၄၊၁၃)

၈။ ထာဝရဘုရားသည် ဗာလဘုရားမဟုတ်ကြောင်းကို ပရောဖက်မည်သူအားဖြင့်ဖော်ပြခဲ့သနည်း။
အာဟပ်ဘုရင်ထံ ဧလိယဆုမတောင်းလျှင် မိုးမရွာ၊ နှင်းမကျရဟု လျှောက်တင်သောဧလိယဖြစ်သည်။
(၃ဓမ္မ ၁၇း၁)

၉။ မိုးက ဘယ်အချိန်မှာ ပြန်ရွာခဲ့သနည်း။
သုံးနှစ်ခွဲတိုင်အောင် မိုးမရွာသောအခါ ဣသရေလလူမျိုးများသည်ကရမေလတောင်ပေါ်မှာသွား ၍ ဘုရားသခင်သည် ထာဝရဘုရားဖြစ်သည်ဟု ဝန်ခံသောအချိန်တွင်မိုးပြန်ရွာခဲ့သည်။(ယာ၅း၁၇–၁၈)

၁၀။ အာဟတ်ဘုရင်အုပ်စိုးသောကာလတွင် ဘုရားသခင်သည် ဣသရေလလူမျိုးများကြားတွင် သူ၏လူများ ထားရှိခဲ့သလား။
ဗာလရှေ့မှာ ဒူးထောက်ခြင်း မပြုသောလူမျိုးသားခုနစ်ထောင်တို့ကို ငါ့အဖို့ ကျန်ကြွင်းသည်ဟု ဘုရားသခင်သည် ဧလိယထံ ပြောဆိုသည်။ (၃ဓမ္မ ၁၉း၁၈၊ ရောမ ၁၈း၄)

*အလွတ်ကျက်ရန်* ။ (ဟေဗြဲ ၁၁း၃၈–၄၀)

၃၈ ဤလောကသည်ထိုသူတို့နှင့်မထိုက်မတန်။ သူတို့သည်တောကြိုတောင်ကြား၊ဥမင်မြေတွင်းထဲမှာ အပြောင်းပြောင်းအလည်လည်နေရကြ၏။ ၃၉ ထိုသူအပေါင်းတို့သည် ယုံကြည်ခြင်းအားဖြင့်ချီးမွမ်းခြင်းသို့ရောက်သော်လည်း၊ဂတိတော်အတိုင်းကျေးဇူးကိုမခံရကြ။၄၀အဘယ်ကြောင့်နည်းဟူမူကား၊ ထိုသူတို့သည်ငါတို့မပါဘဲ စုံလင်ခြင်းသို့မရောက်မည်အကြောင်း၊ ဘုရားသခင်သည် ငါတို့အဘို့အလို့ငှါ သာ၍မြတ်သောကျေးဇူးကို ကြံစည်တော်မူ၏။



## သင်ခန်းစာ (၂၀)

# ဣသရေလနိုင်ငံ-အာဟပ်ခေတ်မှကျွန်ခံသည့်အထိ

၁။ အာဟင်မင်းကြီး၏အိမ်တစ်ခုလုံးကို မည်သူအားဖြင့် ဖျက်ဆီးခြင်းခဲ့သနည်း။
ဘုရားသခင်ကခန့်အပ်သောယေဟုအားဖြင့် ဖျက်ဆီးခြင်းခံခဲ့သည်။ (၄ဓမ္မ ၉း၃၀–၁၀း၁၁,၁၇)

၂။ ယေဟုသည် ဘုရားသခင်ကို ကြောက်ရွံ့ရိုသေသောဘုရင် ဖြစ်ခဲ့ပါသလား။
မဖြစ်ခဲ့ပါ။ အာစပ်ပြုလုပ်သောရုတ်တုဆင်းတုများကို ဖျက်ဆီး၍ နေသော်လည်း သူသည် တရားတော်လမ်းသို့ စိတ်နှလုံးအကြွင်းမဲ့ လိုက်နာခြင်း မပြုပါ။ (၄ဓမ္မ ၁၀း၂၇–၃၁)

၃။ သူသည် မည်သည့်အရာ ပြန်လည်ပြုလုပ်ခဲ့သနည်း။
"နေဗတ်သားယေရောဗောင်၏အပြစ်များ" ကို ယေဟုမစွန့်လွှတ်နိုင်ခဲ့ပေ။(၄ဓမ္မ၁၀း၂၉–၃၁)

၄။ ယေဟုခေတ်တွင် မည်သူသည် ပရောဖက်ပြုခဲ့သနည်း။
များစွာသော အံ့ဩဖွယ်ကို ပြုလုပ်သူ ဧလိရှဲဖြစ်သည်။(၄ဓမ္မ ၄း၁–၈၊၃၁–၃၇၊ ၆း၁၅–၂၀)

၅။ ထိုအချိန်တွင် ဣသရေလလူမျိုးများအပေါ် အကြီးမားဆုံးရန်သူသည် မည်သူနည်း။
ဣသရေလလူမျိုးများအနိုင်ရခဲ့သော ရှုရိဘုရင်ဖြစ်သည်။ (၄ဓမ္မ ၆း၁၅–၂၀၊ ၇း၁–၇)

၆။ ယေဟုသည် ဣသရေလလူမျိုးကို နှစ်ပေါင်းမည်မျှကြာအုပ်ချုပ်ခဲ့သနည်း။
သားမြေးလေးဆက်တိုင်အောင် အုပ်ချုပ်ခဲ့သည်။ သို့သော် သူတို့သည်ရွှေနွားရုပ်ကို ပြုလုပ်၍ ဝတ်ပြုကိုးကွယ်ခဲ့ကြသည်။ (၄ဓမ္မ ၁၅း၁၂)

၇။ ယေဟု၏ မျိုးနွယ်ထဲမှ အကြီးမားဆုံးဘုရင်နှစ်ဦးသည် မည်သူတွေဖြစ်ကြနည်း။
ရှုရိလူမျိုးများကို အောင်မြင်ခဲ့သောယောရှနှင့် ယေရောဗောင် (၂) ဖြစ်သည်။(၄ဓမ္မ ၁၃း၂၄–၂၅၊ ၁၄း၂၃–၂၇)

၈။ ဣသရေလ နောက်ဆုံးဘုရင်ခေတ်မှာ မည်သူသည် ပရောဖက်ဖြစ်ခဲ့သနည်း။
ဣသရေလလူမျိုးများကို တရားစီရင်ခြင်း ခံရမည်ဟု သတိပေးသူဟောရှေဖြစ်သည်။ (ဟောရှေ ၁း၁)

၉။ ဣသရေလလူမျိုးများ နောက်ဆုံးတွင်မည်သည့်အင်ပါယာ၌ကျွန်ခံခဲ့ကြသနည်း။
ဣသရေလလူမျိုးများသိမ်းပိုက်ခဲ့သော၊ ရှမာရိလူမျိုးများနေထိုင်သော အာရှုရိအင်ပါယာဖြစ်သည်။ (၄ဓမ္မ ၁၇း၁–၆၊၂၄)

၁၀။ ဣသရေလလူမျိုးများသည် ဘယ်ခုနှစ်တွင် ကျွန်ခံခဲ့ကြသနည်း။
ဘီစီ ၇၂၂ခုနှစ်တွင် ကျွန်ခံခဲ့ကြသည်။

*အလွတ်ကျက်ရန်* ဣသရေလရှင်ဘုရင်များနာမည်ကို အောက်ပါအတိုင်းကျက်မှတ်ပါ။
ယေရောဗောင်၊ တိဗနိ၊ ယေဟု၊ ရှလ္လုံ၊
နာဒဒ်၊ ဩမရိ၊ ယေဟု၊ မေနဟင်
ဗာရှာ၊ အာဟပ်၊ ယောရှ၊ ပေကဟိ၊
ဧလာ၊ အာခဇိ၊ ယေရောဗောင် (၂)၊ပေကာ၊
ဇိမရိ၊ ယဟောရံ၊ ဇာခရိ၊ ဟောရှေ၊



Copyright © Gratia Dei Sola Media

# သင်ခန်းစာ (၂၁)

## ယုဒ နိုင်ငံ-ရောဗောင်ခေတ်မှ အာခပ်ခေတ်အထိ

၁။ ဣသရေလလူမျိုးများနှင့် ယုဒဘုရင်များ ခြားနားမှုရှိပါသလား။
မရှိပါ။ သူတို့အားလုံးသည် ဒါဝိဒ်ရှင်ဘုရင်တော်ဝင်မျိုးနွယ်မှ ဆင်းသက်လာသူများ ဖြစ်ကြသည်။
၂။ ထိုသို့ဖြစ်ခြင်း၏အကြောင်းရင်းသည် အဘယ်နည်း။
ရှင်ဘုရင်များအားလုံးသည် ဘုရားသခင်ကို ကြောက်ရွံ့ရိုသေမှုမရှိခြင်းကြောင့်မဟုတ်၊ ဘုရားသခင်သည် ဒါဝိဒ်အပေါ်ပြုခဲ့သော သူ၏ဂတိတော်ကို တည်စေခြင်းဖြစ်သည်။ (၂ဓမ္မ ၇း၁၆၊ ဟေရှာ၉း၆–၇၊ လု ၁း၃၁–၃၃)
၃။ ရှင်ဘုရင်အားလုံးသည် ဒါဝိဒ်မှဆင်းသက်လာသူများဖြစ်သောကြောင့် ဘုရားသခင်ကိုရိုသေခဲ့ကြသလား။
ရှင်ဘုရင်အနည်းငယ်ကသာ ဘုရားသခင်ကို ကြောက်ရွံ့ ရိုသေကြသည်။
၄။ သူတို့လွန်ကျူးသော အပြစ်သည် မည်သည့်အပြစ်ဖြစ်သနည်း။
သူတို့သည် ရုပ်တုဆင်းတုကို ကိုးကွယ်ကြကာ သူတို့၏လူများကိုလည်း ရုပ်တုကိုးကွယ်ရန် တိုက်တွန်းလျက်ရှိသည်။ (၃ဓမ္မ ၁၄း၂၁–၂၄၊ ၄ဓမ္မ ၈း၂၆–၂၇)
၅။ ရုတ်တုဆင်းတုကိုးကွယ်ခြင်းကလွဲ၍ သူတို့ပြုသောအပြစ်သည် မည်သည့်အပြစ်ဖြစ်သနည်း။
သူတို့သည် ရန်သူများကို တိုက်ခိုက်သောအခါဘုရားသခင်ကိုမကိုးစားဘဲ အခြားသော တိုင်းပြည်မှ အကူအညီကို ရယူလိုခဲ့ကြသည်။ (၄ဓမ္မ ၃း၇၊ ၈း၂၈)
၆။ ဘုရားသခင်ကို မကြောက်ရွံ့သော ရှင်ဘုရင်များ တချို့ကို ပုံဥပမာဖြင့် ဖော်ပြပါ။
ယဟောရံ၊ အာခဇိ၊ မိဖုရားအာသလိနှင့် အခပ်ရှင်ဘုရင်များဖြစ်ကြသည်။(၄ဓမ္မ ၈း၁၈–၁၉၊၁၁း၁–၃၊၁၆း ၂–၄)
၇။ ပို၍ကောင်းသောရှင်ဘုရင်များကို ဖော်ပြပါ။
ရုပ်တုဆင်းတု ကိုးကွယ်ခြင်းကို ဖျက်ဆီးရန် ကြိုးစားခဲ့ကြသောအာသနှင့် ယောရှာဖတ် တို့ဖြစ်သည်။ (၃ဓမ္မ ၁၅း၉–၁၅၊ ၂၂း၄၂၊ ၄၆၊ ၂ရာ ၁၇း၇–၉)
၈။ ယောရှဖတ်နန်းအုပ်ချုပ်ချိန်တွင်မည်သည့်အရာကို ဖျက်ဆီးခဲ့သနည်း။
သူ့သားယဟောရံကိုဆိုးသွမ်းသော အာဟပ်သမီး အာသလိနှင့်စုံဖက်ခြင်းတွင်ပါဝင် အားပေးခဲ့သည်။ (၂ရာ ၁၈း၁–၃၊ ၂၁း၆)
၉။ မိဖုရားအာသလိသည် မည်သည့်ဆိုးဝါးသောအပြစ်ကို ပြုခဲ့သနည်း။
သူမသည် ဒါဝိဒ်၏ ဆွေတော်မျိုးတော်အလောင်းတို့ကို သုတ်သင်ပယ်ရှင်းလေသည်။သို့သော် ဘုရားသခင်ကို ကြောက်ရွံ့သော ယဇ်ပုရောဟိတ် ယောယဒသည် ယောရှကို ကယ်တင်ခဲ့သည်။ (၄ဓမ္မ၁၁း၁–၃၁)
၁၀။ အဆိုးဝါးဆုံးသော ဘုရင်သည် မည်သူဖြစ်နည်း။
သူသည် ယေရှုရှလင်ဗိမာန်တော်ထဲမှာ ရုပ်တုဆင်းတုယဇ်ပလ္လင်ကို တည်ဆောက်၍ ရုပ်တုကို ဝတ်ပြုကိုးကွယ်စေခဲ့သောသူအာဟပ်ဘုရင်ဖြစ်သည်။ (၄ဓမ္မ ၁၆း၁–၁၈)

*အလွတ်ကျက်ရန်* ။ ။ ယေရောဗောင်မှ အာခတ်အထိယုဒရှင်ဘုရင်များ၏နာမည်ကိုဖော်ပြပါ။
ရောဗောင်၊ ယဟောရံ၊ အာမဇိ၊
အာဘိယ၊ အာခဇိ၊ ဩဇိ၊
အာသ၊ မိဖုရား အာသလိ၊ ယောသံ
ယောရှဖတ်၊ ယောရှ၊ အာခပ်။



# သင်ခန်းစာ (၂၂)

## ယုဒ နိုင်ငံ-ဟေဇကိခေတ်မှ ကျွန်ခံသည့်အထိ

၁။ ယုဒပြည်တွင် မည်သူက ပြုပြင်ပြောင်းလဲမှု ယူဆောင်လာခဲ့သနည်း။
ဘုရားသခင်ကို ကြောက်ရွံ့ရိုသေသူဟေဇကိရှင်ဘုရင်ဖြစ်သည်။(၄ဓမ္မ ၁၈း၁–၇)
၂။ သူသည် မည်သည့်အရာလုပ်ဆောင်ခဲ့သနည်း။
သူတို့လူမျိုးများ၏ မြင့်သောအရပ်ကို ပယ်သည်၊ ရုတ်တုဆင်းတုကို ချိုးဖဲ့သည်။ ဗိမာန်တော်ကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။လူတွေကို ပသခါပွဲကျင်းပစေခဲ့သည်။ (၂ရာ ၂၉း၂–၁၁၊ ၃၀း၁–၈၊ ၄ဓမ္မ ၁၈း၄)
၃။ အာရှုရိလူမျိုးများလက်ထက်ထဲမှာ ဘုရားသခင်သည် သူတို့ကို မည်သို့ ကယ်တင်ခဲ့သနည်း။
ယေရုရှလင်မြို့ကို ဝန်းရံသောအခါ ဘုရားသခင်သည် ကောင်းကင်တမန်များကို စေလွှတ်၍ ရန်သူ ၁၈၅,၀၀၀ ကို သတ်စေခဲ့သည်။(ဟေရှာ ၃၇း၃၃–၃၇)
၄။ ယုဒပြည်တွင် ဟေဇကိနန်းတက်ချိန်၌ ပရောဖက်သည် မည်သူဖြစ်သနည်း။
ဘုရားသခင်၏ လူများကို နှစ်သိမ့်စေရန်နှင့် ဆိုးဝါးသောအရာများကို သတိပေးခဲ့သူ ဟေရှာယဖြစ်သည်။ (ဟေရှာ ၁း၁–၂၊ ၉၊ ၁၆–၂၇၊ ၂း၁–၅၊ ၃း၁–၈၊ ၄)
၅။ ဟေရှာယသည် မည်သည့်အရာကို ကြိုဟောကိန်းထုတ်ခဲ့သနည်း။
သူသည် ဟေဇကိအုပ်ချုပ်သောယုဒပြည်သည်ဗာဗုလုန်တွင်ကျွန်ခံလိမ့်မည်ဟုပြောခဲ့သည်။(ဟေရှာ ၃၉)
၆။ ဟေဇကိဘုရင်သေဆုံးပြီး မည်သူသည်ရှင်ဘုရင်ဖြစ်လာခဲ့သနည်း။
အလွန်ဆိုးရွားခဲ့သော်လည်း ကျွန်ဘဝတွင် နောင်တရခဲ့သူ မနာရှေဖြစ်သည်။(၄ဓမ္မ၂၀–၂၁–၂၁း၂)
၇။ ယောရှိရှင်ဘုရင်သည် ငယ်ရွယ်သေးစဉ်တွင်မည်သည့်အရာလုပ်ဆောင်ခဲ့သနည်း။
သူသည် ဘုရားသခင်ကို ရှာ၍ရုပ်တုဆင်းတုများကို စွန့်ပစ်စေကာ ဘုရား သခင်၏ နည်းဥပဒေသကို ယုဒလူမျိုးများအား သွန်သင်ခဲ့သည်။ (၄ဓမ္မ ၂၃း၁–၃၊ ၄–၆၊ ၂၄၊ ၂ရာ ၃၄း၃–၇)
၈။ ယောရှိဘုရင် ကျွန်ဘဝရောက်တဲ့အချိန်တွင် မည်သူသည် ပရောဖက်ဖြစ်ခဲ့သနည်း။
ယုဒလူမျိုးများအား အပြစ်မှ နောင်တရကြရန် တိုက်တွန်းသော ယေရမိဖြစ်သည်။(ယေရ ၁း၁–၂၊ ၃း၂၃၊ ၄း၆)
၉။ ယေရမိပြောဆိုသောစကားကို ရှင်ဘုရင်နှင့်လူမျိုးများက နားထောင်ခဲ့ပါသလား။
မနားထောင်ခဲ့ပါ။ သူတို့အပြစ်ကြောင့် ဗာဗုလုန်လက်အောက်သို့ ကျရောက်ခဲ့သည်။ (ယေရ ၂၅း၁–၁၀၊ ၆ရာ ၁၆း၁–၇)
၁၀။ နေဗုခတ်နေဇာမင်းကြီးက ယေရုရှလင်မြို့ကို မည်သည့်ခုနှစ်တွင်ဖျက်စီးခဲ့သနည်း။
ဘီစီ ၅၈၆ ခုနှစ်တွင် ဖျက်စီးခဲ့သည်။

*အလွတ်ကျက်ရန်*။ ။ယုဒရှင်ဘုရင်များဟေဇကိခေတ်မှဇေဒကိအထိဘုရင်များ၏နာမည်ကိုဖော်ပြပါ။
ဟေဇကိ၊ ယောရှိ၊ ယောယကိမ်၊
မနာရှေ၊ ယေဟု၊ ယေခေါနိ၊
အာမုန်၊ ဇေဒကိ။



Copyright © Gratia Dei Sola Media

# သင်ခန်းစာ (၂၃)

## ယုဒ ဧဝါမှ ကျွန်ခံသည့်အထိ

၁။ ယုဒလူမျိုးများသည် နှစ်ပေါင်းမည်မျှကြာကျွန်ခံခဲ့ရသနည်း။
ယောရမိဟောကိန်းထုတ်သည့်အတိုင်း နှစ်ပေါင်း၂၀ကြာ ကျွန်ခံခဲ့ကြသည်။ (ယေ ၂၅း၁၁–၁၂)
၂။ ဘုရားသခင်၏လူမျိုးများသည် ကျွန်ဘဝတွင် နောင်တရခဲ့ကြပါသလား။
နောင်တရခဲ့ကြသည်။ ကျန်ကြွင်းသောသူများသည် ယုဒလူမျိုးများအတွက် နောင်တရကြကာ ဝမ်းနည်းကြေကွဲခဲ့ကြသည်။ (ယေဇ ၁၈း၁၉–၂၃၊ ဒံယေ၉း၁–၉)
၃။ သူတို့သည် ကျွန်ဘဝတွင် အများအားဖြင့် မည်သည့်အရာကို လွမ်းဆွတ်သတိရခဲ့ကြသနည်း။
သူတို့သည် ယေရှုရှလင်မြို့ကြီးနှင့်ဘုရားသခင်အတူပါရှိခြင်းကိုပုံဆောင်သောဗိမာန်တော်ကြီးကို သတိရတမ်းတခဲ့သည်။ (ဒံ ၂း၁–၇၊ ၆း၁၀၊ ၉း၁–၃၊ ၁၂၊ ၁၆း၂၊ ၆ရာ ၅း၁၃–၁၄)
၄။ ဘုရားသခင်သည် သူလူမျိုးများကို ကျွန်ဘဝ၌ ကြည့်ရှုခဲ့သလား။
ဒါဝိဒ်မင်းမှဆင်းသက်သော လူမျိုးနွယ်ဖြစ်သောကြောင့် အမြဲတမ်း ကာကွယ်ခဲ့သည်။
၅။ ဘုရားသခင်ကွယ်ကာကြောင်းကို ပုံပုပမာဖြင့် ပြောနိုင်ပါမည်လား။
ဘုရားသခင်ကို ယုံကြည်ကိုးကွယ်သော ဒံယေလနှင့် သူငယ်ချင်း(၃)ဦး ကယ်တင်ခဲ့သည်။
၆။ မည်ကဲ့သို့ထင်ရှားခဲ့သနည်း။
ဒံယေလနှင့် သူငယ်ချင်း ၃ ဦးသည် ဗာဗုလုန်နိုင်ငံ၏ဝန်ကြီးများအဖြစ် ချီးမြှောက်ခြင်း ခံခဲ့ကြသည်။ (ဒံ ၂း၄၇–၄၉၊ ၃း၃၀၊ ၆း၁–၃)
၇။ သူတို့သည် ဘုရားသခင်ကို ကြောက်ရွံ့သောကြောင့် ဒုက္ခနှင့်ရင်ဆိုင်ခဲ့ကြသလား။
သူနှင့် သူငယ်ချင်းသုံးဦး မီးလျှံထဲမှာငှင်း၊ ဒံယေလကို ခြင်္သေ့တွင်းထဲမှာငှင်း ပစ်ချခြင်းခံရသော်လည်း ဘုရားသခင်သည် သူတို့ကို ကယ်တင်ခဲ့သည်။ (ဒံ ၃း၁၉ –၂၃။ ၆း၁၀–၂၄)
၈။ ကျွန်ဘဝတွင် ဒံယေလကလွဲ၍မည်သူတွေပရောဖက်ဖြစ်ခဲ့ကြသနည်း။
ပရောဖက် ယေဇကျေလဖြစ်ပါသည်။ (ယေဇ ၁း၁–၃)
၉။ ယေဇကျေလသည် ဘုရားသခင်၏ လူများကို မည်သို့ ခွန်အားပေးခဲ့သနည်း။
ဘုရားသခင်သည် ဆိုးညစ်သောသူ အသေခံခြင်း၌ပျော်မွေ့ခြင်းရှိသလောဟု တိုက်တွန်းခဲ့ပါသည်။(ယေဇ ၁၈း၂၃၊ ၃၂၊ ၃၃း၁၀–၁၁)
၁၀။ ကျွန်ဘဝသည် ဘယ်အချိန်တွင် ပြီးဆုံးခဲ့သနည်း။
ပေရသိရှင်ဘုရင်ကုရုနန်းတက်ချိန်မှစ၍ အဆုံးသတ်ခဲ့သည်။ (ယေဇ ၁း၁–၄)

*အလွတ်ကျက်ရန်* ။ ။ (ယေဇ ၃၃း၁၁)
အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါအသက်ရှင်သည်အတိုင်း၊ ဆိုးသောသူသည် အသေခံခြင်းအမှုကို ငါနှစ်သက်သည်မဟုတ်။ ဆိုးသောသူသည် မိမိဆိုးသောလမ်းမှလွှဲ၍ အသက်ရှင်ခြင်းအမှုကို သာငါနှစ်သက်၏။ အိုဣသရေလအမျိုးသားတို့၊ သင်တို့လိုက်သောလမ်းဆိုးမှလွှဲကြလော့။ လွှဲကြလော့။ အဘယ်ကြောင့်အသေခံလိုကြသနည်း။



# သင်ခန်းစာ (၂၄)

## ကျွန်ဘဝမှလွတ်မြောက်ခြင်း

၁။ ခါနန်သို့ ပြန်လည်သွားကြဖို့ရန် ကုပရုဘုရင်က အဘယ်ကြောင့်ခွင့်ပြုခဲ့သနည်း။
ကုပရုဘုရင်သည် လုံးဝ မသိရှိသော်လည်းဘုရားသခင်၏ အကြံအစည် ရည်ရွယ်ချက်အတိုင်း ကုပရုဘုရင်ကို ဘုရားသခင်ခေါ်တော်မူခြင်းဖြစ်သည်။ (၆ရာ ၃၆း၂၂–၂၃)
၂။ ခါနန်ပြည်သို့ ကျွန်ခံသောသူအားလုံးပြန်လာခဲ့ကြသလား။
မလာခဲ့ကြပါ။ လူပေါင်း ၅၀,၀၀၀ နီးပါးကောင်းမွန်စွာ ရောက်လာခဲ့ကြသသည်။ (ဇေ ၂း၆၄–၆၅)
၃။ ကျွန်ဘဝမှ လွတ်မြောက်လာသောအခါ မည်သူက ဦးဆောင်ခဲ့သနည်း။
ဇေရုဗဗေလရှင်ဘုရင် ဖြစ်သည်။ (ဇေ ၂း၁–၂၊ ဟဂ္ဂဲ ၁း၁)
၄။ သူတို့လွတ်မြောက်ပြီး လူတွေက ဘာကို ပြုလုပ်ခဲ့ကြသနည်း။
သူတို့သည် ယေရှုရှလင် မြို့ရိုးများနှင့် ဗိမာန်တော်များကို ပြန်လည်တည်ဆောက်ခဲ့ကြသည်။ (ဇေ ၃း၇–၁၀)
၅။ လူများကို ကူညီသောလူနှစ်ဦးသည် မည်သူတွေဖြစ်ကြနည်း။
ကျမ်းတတ်ပုဂ္ဂိုလ် ဇေရနှင့် ရှင်ဘုရင်၏ခွက်ဖလားကိုင်ဆောင်သူ နေဟမိတို့ဖြစ်ကြသည်။ (ဇေ ၁၀း၆–၁၂၊နေဟ ၇း၁–၁၀)
၆။ မြို့ရိုးတည်ဆောက်ခြင်းနှင့်ဗိမာန်တော်တည်ဆောက်ခြင်းကိုအလုပ်ကိုလွယ်ကူစွာ လုပ်ဆောင်နိုင်ခဲ့ကြသလား။
သူတို့လုပ်ငန်းကိုတားဆီးပိတ်ဆို့သောရန်သူများစွာတို့က နှောင့်ယှက်ခဲ့ကြသည်။ (ဇေ ၄း၁–၁၀)
၇။ ပရောဖက်ဘယ်သူတွေက သူ့လူမျိုးကို အမြန်ဆုံးလုပ်ဆောင်ဖို့ရန် ခွန်အားပေးခဲ့သနည်း။
ပရောဖက် ဟဂ္ဂဲနှင့် ဇာခရိတို့ဖြစ်ကြသည်။ (ဟဂ္ဂဲ ၁း၁–၈၊ ဇာခ ၄း၁–၁၀)
၈။ လူများသည် မည်သည့်အပြစ်လွန်ကျူးမှုကြောင့် သတိပေးခြင်းခံခဲ့ရကြသနည်း။
တိုင်းတပါးများနှင့်အိမ်ထောင်ပြုခြင်းနှင့် ဥပုဒ်နေ့ချိုးဖောက်ခြင်းအပြစ်ဖြစ်သည်။ (ဇေ ၉း၁–၅၊ ၁၀း၁–၅၊ နေဟ ၁၃း၁၅–၂၂)
၉။ မည်သို့သောဗိမာန်တော်မျိုးကိုသူတို့ကတည်ဆောက်ခဲ့ကြသနည်း။
ရှောလမုန်မင်းကြီးတည်ဆောက်ခဲ့သောဗိမာန်တော်နီးပါးလှပသောဗိမာန်တော်ကိုတည်ဆောက်ခဲ့ သည်။ သို့သော် ပဋိညာဉ်သေတ္တာတော်မရှိပေ။ (ဇေ ၃း၁၀–၁၃၊ မဂ္ဂဲ ၂း၃)
၁၀။ ဣသရေလလူမျိုးများသည် တိုင်းတစ်ပါးအနေဖြင့်ရှင်ဘုရင်တစ်ပါးကို ပြန်လည်ရရှိခဲ့သလား။
မရရှိခဲ့ကြပါ။ ရှင်ဘုရင်အားလုံးသည် ဒါဝိဒ်အိမ်တော်အမျိုးမှဆင်းသက်လာခဲ့ကြသော်လည်း တိုင်းနိုင်ငံကို အုပ်ချုပ်ရန်ဒါဝိဒ်အမျိုးအနွယ်မှရှင်ဘုရင်မရှိတော့ပေ။ (ဇေ ၈း၂)

*အလွတ်ကျက်ရန်* ။ ။(အဂ္ဂဲ ၂း၆–၇)
၆ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ကာလ ကြာမြင့်မှီ ကောင်းကင်၊ မြေကြီး၊ ပင်လယ်၊ ကုန်းတို့ကိုတဖန် ငါလှုပ်ဦးမည်။ ၇ လူမျိုးအပေါင်းတို့ကိုလည်း ငါလှုပ်မည်။ လူမျိုးအပေါင်းတို့ နှစ်သက်ဖွယ်သော အရာသည်ရောက်၍ ၊ ဤအိမ်ကို ဘုန်းနှင့် ငါပြည့်စုံစေမည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူ၏။



Copyright © Gratia Dei Sola Media

# သင်ခန်းစာ (၂၅)
# ကျွန်ဘဝမှလွတ်မြောက်လာခဲ့ပြီးနောက်

၁။ ပြန်လည်ထွက်ခွါလာပြီးနောက်ပိုင်းအချိန်သည် မည်သူ့သမိုင်းအကြောင်းဖြစ်နည်း။
ပေရသိမိဘုရား ဧသတာ၏အကြောင်းဖြစ်သည်။ (ဧသ ၂း၅–၇၊ ၁၅–၁၇)

၂။ ဧသတာကို မည်သည့်အရာလုပ်စေဖို့ရန် ဘုရားသခင်အသုံးပြုခဲ့သနည်း။
ဟာမန်သည် ယုဒလူမျိုးများကို ဖျက်ဆီးရန် ကြိုးပမ်းခဲ့သောအချိန်တွင် ဒါဝိဒ်မျိုးဆက်သစ်များမပျောက်ပျက်အောင်ကာကွယ်ပေးရန် ဧသတာကိုအသုံးပြုခဲ့သည်။(ဧသ ၃း၁၃–၄း၁၀၊ ၆း၁၄–၇း၇၊ ၈း၅–၁၂)

၃။ နောက်ဆုံးပရောဖက်သည် မည်သူဖြစ်သနည်း။
ခရစ်တော်မမွေးဖွားမီအနှစ် (၄၀၀)လောက်က အသက်ရှင်ခဲ့သူမာလခိဖြစ်သည်။

၄။ မာလခိပြောဆိုသည့်အတိုင်းကျွန်ဘဝမှ လွတ်မြောက်ပြီး ယုဒလူမျိုးများသည် ဘုရားသခင်ကို ယုံကြည်ကြပါသလား။
မယုံကြည်ကြပါ။ ဘုရားသခင်အပေါ် လူအပေါင်းတို့သည် ကြီးမားသော အပြစ်ကို ကျူးလွန်ခဲ့ကြသည်။ ( မာလ ၁း ၁၊ ၇– ၉)

၅။ သူတို့တိုင်းပြည်၌ ယုဒလူမျိုးများသည် လွတ်လပ်စွာနေထိုင်ခဲ့ကြပါသလား။
မနေထိုင်ကြပါ။ အခြားသော တိုင်းပြည်များကသူတို့ကို အုပ်စိုးခဲ့သည်။ (လု ၃း၁၊ ယော ၁၉း၁၂)

၆။ ဤလူမျိုးများက ယုဒလူမျိုးများကို ကောင်းမွန်စွာ ဆက်ဆံခဲ့ကြသလား။
မဆက်ဆံခဲ့ကြပါ။ဘုရားသခင်၏ လူမျိုးများသည်ထိုအချိန်၌ ညှင်းပန်းနှိပ်စက်ခြင်းနှင့် ဒုက္ခခံစားရခြင်း ပြင်းထန်စွာ ခံစားကြသည်။ (ယေရ ၂၄း၇ –၁၀၊ ၂၅း၃၄)

၇။ ထိုအချိန်၌ သစ္စာရှိသောဘုရားသခင်၏လူများရှိခဲ့ကြသလား။
ရှိပါသည်။ သူတို့သည် ခရစ်တော်ကြွလာမည့်အချိန်ကို စောင့်မျှော်နေကြသည် (ဟော၊ ၆၀း၁–၃၊ ယေ ၂၄း၁–၇)

၈။ ဘုရားသခင်သည် ခရစ်တော်ပြန်လည်ကြွလာမည့်အချိန်အတွက် မည်သို့ပြင်ဆင်ခဲ့သနည်း။
လောကတွင် အသုံးများသော ဂရိဘာသာစကားအသုံးပြုခြင်းအားဖြင့် ဓမ္မသစ်ကျမ်းထဲတွင် ခရစ်တော်ကြွလာမည့်အချိန်ကို ရေးသားခဲ့သည်။

၉။ ထိုအချိန်၌ ဣသရေလလူမျိုးများကြားတွင် မည်သည့်ဆိုးသွမ်းသောအဖွဲ့အစည်းပေါ်ပေါက်ခဲ့သနည်း။
လုပ်ဆောင်ချက်အားဖြင့် ကယ်တင်ခြင်းကို ရရှိသည်ဟုယုံကြည်သောဖာရိရှဲအဖွဲ့ပေါ်ပေါက်ခဲ့သည်။ (မဿဲ ၅း ၂၀၊ ၁၂း ၁–၈)

၁၀။ ထိုအချိန်ပြီးဆုံးခါနီးမှာ မည်သည့်လူမျိုးများက အာဏာရရှိခဲ့သနည်း။
ခရစ်တော်မွေဖွားချိန်မှာ  တစ်ကမ္ဘာလုံးကို အုပ်ချုပ်ခဲ့သော ရောမလူမျိုးဖြစ်သည်။ (လု၊ ၂း၁)

*အလွတ်ကျက်ရန်။* ။ မာလခိ ၃း၁
ကြည့်ရှုလော ငါသွားရာလမ်းကို ပြင်ရသော ငါ၏တမန်ကိုငါ စေလွှတ်မည်။ သင်တို့ရှာသောသခင်၊ သင်တို့တောင့်တသော ပဋိညာဉ်တမန်တော်သည် မိမိဗိမာန်တော်သို့ ချက်ခြင်းလာကြလိမ့်မည်။ ကြည့်ရှုလော။ ထိုသခင်လာလိမ့်မည်ဟု ကောင်းကင်ဗိုလ်ရှင်ထာဝရဘုရားမိန့်တော်မူ၏။



# Catechism Regime Guideline

1. **Toddler's Class** (understanding to 5 years old)
   a. Toddler's Catechism (52 Questions)
   b. My Bible Story Book by Dena Korfker (270 stories)
2. **Beginners I** (6/7 years old)
   a. Bible History Catechism – Beginners Book 1 of 3
   b. Bible History Catechism – Beginners Book 2 of 3
3. **Beginners II** (7/8 years old)
   a. Bible History Catechism – Beginners Book 3 of 3
   b. Catechism for Young Children – Intro to WSC
4. **Juniors I** (8/9 years old)
   a. Bible History Catechism – Juniors Book 1 of 2
   b. Bible History Catechism – Juniors Book 2 of 2
5. **Juniors II** (9/10 years old)
   Doctrine for Younger Children books A & B by James Beeke (20 lessons)
   Memory Verses / Character Building Supplement
6. **Seniors I** (10/11 years old)
   a. Bible History Catechism – Seniors Book 1 of 2
   b. Bible History Catechism – Seniors Book 2 of 2
7. **Seniors II** (11/12 years old)
   a. Westminster Shorter Catechism (107 Questions)
   b. Doctrinal Review
8. **Teens & Young Adults**
   Doctrine for Older Children books A & B by James Beeke (20 lessons)
   Westminster Confession of Faith

The above catechism class regime is for reference. It is adopted for use by Pilgrim Covenant Church since 1999. Parents and teachers may adjust the curriculum according to their needs.

Copyright © Gratia Dei Sola Media

Copyright © Gratia Dei Sola Media